ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-9-2005)(၄၇၃၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ရွာသူရွာသားများ၏ အနှစ်နှစ်အလလက မျှော်မှန်းချက်များပြည့်ဝပြီး တစ်ရွာလုံးမီးထိန်ထိန်လင်း

အခြားသော ကျေးလက်ဒေသများ၌လည်း ဇီဝဓာတ်ငွေ့သုံးစက်ရုံများ တိုးချဲ့ဖွင့်လှစ်သွားမည် ကျေးရွာပြည်သူများကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၇

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုသတ်မှတ်၍ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့ပြများနည်းတူ ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီစွာဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဇီဝဓာတ်ငွေ့မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းဆောင်နှင့် ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးကျော်သောင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(စက်မှု-၁)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၈-၉-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးတိုက်ဖျက် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့နှင့် ဆက်စပ်ပေါ်ပေါက်လာသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို အန္တရာယ်ပြုလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်နေကြသည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စီမံကိန်းများချမှတ် ဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ၏ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် အောင်မြင်စွာကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းနှင့် ဘိန်းစိုက်ပျိုးတားဆီးရေးဆိုင်ရာ ပန်းတိုင်သစ်စီမံကိန်းတို့ကို စီမံကိန်းကာလအလိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းမည်း၊ ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ ကျဆင်းသွားကြောင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာက အသိအမှတ်ပြုထားပြီးဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၅ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ပုဂ္ဂလိကမဂ္ဂဇင်းနှင့် ဂျာနယ် တိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကမီဒီယာများအနေဖြင့်လည်း အသိပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက မီဒီယာများ စနစ်တကျပူးပေါင်းပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ဆိုးကျိုးများနှင့် စပ်လျဉ်း၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ယခုအခါ စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲမှုအန္တရာယ်ဆိုးကျိုးများကို တွေ့မြင်ကြားသိနေရသည်။ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများသည် ဘိန်းကိုအခြေခံ၍ ထုတ်လုပ်ခြင်း မဟုတ်ဘဲ ဓာတုဆေးဝါးများအား အခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းဓာတုဗေဒဆေးဝါးများကို ပြင်ပနိုင်ငံများမှ မိမိတို့နိုင်ငံအတွင်းသို့ လျှို့ဝှက်တင်သွင်းလာပြီး အသေးစား အိမ်တွင်းစက်ပစ္စည်းများနှင့်ပင် အလွယ်တကူ ထုတ်လုပ်နိုင်၍ ရောင်းဝယ်ဖြန့်ဖြူးမှုများပြားလာကြောင်း သိရသည်။

မီဒီယာများအနေဖြင့် လူငယ်များအတွင်း မူးယစ်ဆေးဝါး တားဆီးနိုင်ရေး အသိပညာပေးရာတွင် မူးယစ်ဆေးဝါး လုံးဝမသုံးစွဲသော လူငယ်များ စမ်းသပ်သုံးစွဲမှုမပြုစေရေး၊ သုံးစွဲရန်အလားအလာရှိသူများအား မူးယစ်ဆေးဝါးသုံးစွဲသူ အသိုက်အဝန်းမှ ရှန်းထွက်နိုင်ရေးနှင့် သုံးစွဲနေသူများအား မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးများ သိရှိနိုင်စေရေး နည်းလမ်းအသွယ်သွယ်ဖြင့် အသိပညာပေးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မီဒီယာများအနေဖြင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ် ဆိုးကျိုးများကို ပြည်သူများနှင့် လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ရှောင်ရှားနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးကြရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဗဟန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့ငွေချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ (၈)ကြိမ်မြောက် ပညာသင်ထောက်ပံ့ငွေချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမျိုးသမီးများနှင့် ကလေးများ၏ ပညာသင်ယူနိုင်မှု အခွင့်အလမ်းနှင့်ပညာရည်မြင့်မားရေးအတွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ပညာသင်ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာ ဂုဏ်ထူးရှင်အား ထောက်ပံ့ငွေနှင့် ဂုဏ်ပြုလက်ဆောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်တို့က ဗဟန်းမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်အဆင့် ကျောင်းသား ကျောင်းသူလေးဦး၊ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူငါးဦး၊ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးနှင့် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၇၀ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦးတို့အား ထောက်ပံ့ငွေကျပ် ၆၄၈၄၀၀၊ ဗလာစာအုပ် ၆၅ ဒါဇင်၊ ခဲတံ ၃၅ ဒါဇင်နှင့် ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ပေးအပ်ကြရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာမများက လက်ခံကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ဗဟန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ပညာသင်ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်နိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်လိုက်သည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၈)ကြိမ်မြောက် ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေနှင့် ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၇

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အမှာစကား ပြောကြားပြီး အသင်းအတွက် ကွန်ပျူတာနှစ်စုံလှူဒါန်းရာ အလှူရှင်များက အသင်းအတွက် ပေးအပ်သော အလှူငွေများကို လက်ခံသည်။

ဂုဏ်ပြုဆု

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း မြို့နယ်မှသင်တန်းထူးချွန်ဆုနှင့် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်း၊ ကိုယ်စားလှယ်များကထောက်ခံအကြံပြု ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း သုံးရပ်၊ အတည်ပြုခြင်း တစ်ရပ်၊ ဆုံးဖြတ်ချက် နှစ်ရပ် ချမှတ်ခြင်းများ ဆောင်ရွက်သည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၀ ရက် နံနက်က စစ်ကိုင်းတိုင်း ပုလဲမြို့တွင် မြို့ရေပေးရေး ဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်စည်ပင်)

အလက(၁)ဒဂုံ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၇

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း (ယခင် အမက(၅) ဒဂုံ) (ဘိရှော့ဟုမ်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၃၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အလက(၁)ဒဂုံ နဝရတ်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြု အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၅ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့"ကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြု အလှူငွေများနှင့် ဆေးဝါးပစ္စည်းများအဖြစ် ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်) က ငွေကျပ် ၁၀သိန်း၊ ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီလီမိတက်)က ငွေကျပ်၉၉၂၄၀၀၊ ဦးမောင်မောင်စိန်နှင့်ညီများ (ဂရိတ်ဝေါတိုင်းရင်းဆေး)က ငွေကျပ် ၈၂၂၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ ဦးဇော်ဇော်နိုင် (မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဖောင်ဒေးရှင်း)က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်တစ်သိန်းနှင့် ငွေကျပ် ၆၃၈၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးနှင့် အောင်ကျော်ဇောရုပ်ရှင်ထုတ်လုပ်ရေးတို့က ငွေကျပ် ၄၉၆၂၀၀ စီ၊ ဦးခင်မောင်ထွန်း (ထက်လင်းဆေးတိုက်)က ငွေကျပ် နှစ်သိန်းနှင့် ငွေကျပ် ၂၄၃၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ဒေါက်တာဝင်းစည်သူ-ဒေါက်တာစုလှဟန်(MediMyanmar Group)က ငွေကျပ် ၃၅၄၇၁၀ တန်ဖိုးရှိ ဆေးဝါးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊ အထက(၂)လသာ ပညာရေးမိသားစုနှင့် ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင်(ရွှေနန်းတော်စိန်ရွှေရတနာရောင်းဝယ်ရေး) တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးစိုးသိန်း[ခနေအောင်ဂရု(ပ်) ကုမ္ပဏီလီမိတက်]-ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)က ငွေကျပ် ၁၀သိန်း၊ ဦးလှမြင့် (မြတ်ချမ်းသာဆေးတိုက်)က ငွေကျပ် ၂၂၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)က ငွေကျပ်ငါးသောင်းနှင့် ငွေကျပ် ၁၆၅၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၂၀၀၀၉၀၊ အထက(၂)ကမာရွတ် ပညာရေးမိသားစု၊ အထက(၁)ဒဂုံ ပညာရေးမိသားစု၊ အထက(၂) ဗဟန်း ပညာရေးမိသားစု၊ ဦးသန်းနိုင် - ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၊ ဦးမောင်မောင် (ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေး)၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်၊ ဦးတင်ဝင်း-ဒေါ်စန်းဝင်း(မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီလီမိတက်)၊ ဦးချစ်ထွေး-ဒေါ်မြင့်မြင့်သွယ် (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)နှင့် ဦးကြင်ခဲ-ဒေါ်စန်းကြည် (ရွှေလီရတနာရွှေဆိုင်)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဝင်းနှင့်သားများ Co., Ltd.က ငွေကျပ် ၄၈၃၀၀၀တန်ဖိုးရှိ Calsome ကွေကာ အထုပ်များ၊ ဦးနေလင်းဦး (ဂမုန်းပွင့်ကုန်တိုက်)က ငွေကျပ် နှစ်သိန်းနှင့် ငွေကျပ် ၄၃၂၀၀ တန်ဖိုးရှိ Orchit Sterlized Milk ၁၂ဒါဇင်၊ လှိုင်မြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၁၉၄၀၀၀၊ ဒေါက်တာခင်မောင်လွင် (Fame ဆေးဝါးထုတ်လုပ်ရေး) က ငွေကျပ် ၁၆၇၅၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးသိုင်းဝင်း-ဒေါ်ငွေးငွေးညွန့် (B.T.B Co., Ltd.)၊ ဦးသန်းလွင် (မြို့မဆင်ဖြူတော် ငရုတ်သီးမှုန့်လုပ်ငန်း)နှင့် ဦးတင်အောင်-ဒေါ်လှလှနွယ်(ဝင်းရတနာ ခရီးသွားပို့ဆောင်ရေးလုပ်ငန်း)တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးကျော်မင်း မိသားစုက ငွေ ၉၉၉၉၉ ကျပ်နှင့် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ ဦးလှငွေး-ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)က ငွေကျပ် ၅၀၀၀၀ နှင့် ငွေကျပ် ၆၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးအောင်ဇော်မြင့်-ဒေါက်တာမြတ်မြတ်အုန်းခင်က ငွေကျပ်၁၁၀၀၀၀၊ ကျော်သာ Co., Ltd. က ငွေကျပ် ၁၂၇၅၀၀တန်ဖိုးရှိ ပရိဗိုမင်အားဆေးများ၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ အမှုန့်ကြိတ်လုပ်ငန်း)က ငွေကျပ် ၁၀၃၀၀၀၊ ဦးသိန်းငွေး-ဒေါ်ဆွေဆွေဦး (လူပျံတော်ပတ္တမြားဆေးတိုက်)က ငွေကျပ် ၃၀၀၀၀နှင့် ငွေကျပ် ၇၀၅၆၀တန်ဖိုးရှိ ဆေးဝါးများ၊ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိသားစု)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)၊ ဦးငြိမ်း(အိုကေဆန်ရောင်းဝယ်ရေး)၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (ကြက်လျှာစွန်းဒံပေါက်)၊ လှိုင်သာယာစက်မှုဇုန်၊ ဦးဇေယျာသူရမွန်-ဒေါ်ခင်ခင်(Gunkul Engineering Co., Ltd.)၊ ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်(Win & Win Co., Ltd.)၊ ဦးခင်မောင်ဝင်း (မြန်မာစိုးမိုး ကျောက်မျက်ရတနာရောင်းဝယ်ရေး)၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း)၊ အထက(၄) အလုံ ပညာရေးမိသားစုနှင့် မွတ်(စ)လင်(မ်)သက်ကြီးဂေဟာတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဝင်းမောင်-ဒေါ်ရင်ရင်မြင့်(အောင်တမန်ဆေးတိုက်)က ငွေကျပ် ၂၅၀၀၀နှင့် ငွေကျပ် ၇၅၀၀၀တန်ဖိုးရှိ ဆေးဝါးများ အပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၁၄သိန်း ခုနစ်သောင်း ငါးထောင့်ရှစ်ရာကိုးဆယ့်လေးကျပ်၊ FEC ငါးဆယ်နှင့် ငွေကျပ် သိန်း ၃၀ လေးသောင်း ခုနစ်ထောင့်တစ်ရာခုနစ်ဆယ်တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

၂၀၀၅ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)



စက်တင်ဘာ ၂၄ရက်က ရန်ကုန်တောင်ပိုင်း ခရိုင် ဒလမြို့နယ်ရဲတပ်ဖွဲ့ အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဒလမြို့ အထက(၁)ကျောင်းခန်းမတွင် ကျင်းပရာ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့် အဖွင့်အမှာစကားပြောကြားစဉ်။ (၅၂၉)

ပြည်နယ်နှင့် တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ဧရာဝတီတိုင်းအသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းအသက်(၁၇)နှစ်အောက် လူငယ်အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမအကြိမ် ဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ ရှေ့တန်းတိုက်စစ်မှူး ချစ်မင်းသူက ရရှိသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူမြူကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အရေးပြိုင်ပွဲ
၈း၂၀ ၈။ သံလွင်တံတား (တာပါး)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)(သင်္ချာ)
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၅၅ ၅။ ၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဓမ္မပူဇာတေး)(အဆင့်မြင့်ပညာအဆင့်)(အမျိုးသမီး)
၅း၀၀ ၆။ အကပြိုင်ပွဲ
၅း၀၅ ၇။ သီချင်းကြီးပဒေသာ
၅း၁၅ ၈။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၅း၂၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၃၅ ၁၀။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၆း၀၀ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ Variety Spectaculer.
၇း၃၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇း၄၅ ၁၆။ အမြင်သစ်အသွင်သစ် တို့ကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ် မတ်လန်းကျေးရွာ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ အဆို၊ အကစုံလင် ချစ်စရာ့အသွင် (အပိုင်း-၁)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅/၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် စက်တင်ဘာ ၂၄ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)



အမေရိကန်နိုင်ငံ လူဝီစီယားနား ပြည်နယ်ကင်မရွန်ဒေသတွင် ရီတာ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ကုန်းပေါ်၌ တင်ကျန်ရစ်သော ငါးဖမ်းသင်္ဘောတစ်စင်းကို စက်တင်ဘာ၂၅ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွား အီးတီအေအဖွဲ့က ကြိုတင်သတိပေးခဲ့

မာဒရစ် စက်တင်ဘာ ၂၆

စပိန်နိုင်ငံ ဘာ့စ်ပြည်နယ် ခွဲထွက်ရေးအုပ်စု အီးတီအေမှ အမည်မဖော်လိုသူတစ်ဦးက သတိပေးပြောကြားပြီးနောက် စနေနေ့ညက စပိန်နိုင်ငံအလယ်ပိုင်းရှိ စက်မှုဇုန်တစ်ခုတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ဒေသဆိုင်ရာသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

ထိုပေါက်ကွဲမှု ဖြစ်ပွားရခြင်းကို တာဝန်ရှိသူများက ချက်ချင်းဝေဖန်မှု မပြုနိုင်ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ မရှိကြောင်း စပိန်နိုင်ငံ ယူရိုပါသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အီးတီအေအဖွဲ့မှ အမည်မဖော်လိုသူတစ်ဦးက သတိပေးချက်ထုတ်ပြန်ပြီးနောက် ဘာ့စ်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ထိုဗုံး ပေါက်ကွဲမှုသည် ဇူလိုင်လနောက်ပိုင်းတွင် ပထမဆုံးအကြိမ် ဗုံးပေါက်ကွဲမှု ဖြစ်ကြောင်း၊ ထိုသို့ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းသည် စပိန်နိုင်ငံတွင် ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို လျော့နည်းစေကြောင်း သိရသည်။

သမိုင်းဝင်မြို့ဖြစ်သော အာဗီလာမြို့အရှေ့ဘက်ရှိ ဘာရိုတာလီဂျိုဒီအာရာဂိုနာမြို့အနီးနှင့် ဖက်ဒရက်မြို့အနောက်ဘက်တွင် အဆိုပါဗုံးပေါက်ကွဲခဲ့သည်။

ဗုံးပေါက်ကွဲရာဒေသတွင် ရဲသင်တန်းကျောင်းတစ်ခုရှိကြောင်း၊ အခင်းဖြစ်ပွားရာနေရာကို ရဲများက ပိတ်ထားလိုက်ကြောင်း သတင်းဌာနက ဆိုခဲ့သည်။

စပိန်နိုင်ငံမြောက်ပိုင်းနှင့် ပြင်သစ်အနောက်တောင်ဘက်တွင် လွတ်လပ်သောဘာ့စ်နိုင်ငံ တည်ထောင်ရန်အတွက် အီးတီအေအဖွဲ့က ၁၉၆၈ ခုနှစ်ကတည်းက ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူ ၈၅၀ နီးပါး သေဆုံးခဲ့သည်။

အဆိုပါ အကြမ်းဖက်အုပ်စုကို နှိမ်နင်းရန် စပိန်၊ အမေရိကန်နှင့်ဥရောပနိုင်ငံများ ပူးပေါင်းစီစဉ်ခဲ့သည်။

ဖမ်းမိ

ရဲတပ်ဖွဲ့၏ နှိမ်နင်းမှုကြောင့် စပိန်နှင့်ပြင်သစ်နိုင်ငံတို့တွင် အကြမ်းဖက်သမား ရာပေါင်းများစွာကို ဖမ်းမိခဲ့ရာ မကြာသေးမီနှစ်များအတွင်းမှာပင် အဆိုပါ အကြမ်းဖက်အဖွဲ့မှာ အင်အားလျော့နည်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့ဝင်များနှင့် မီဒီတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

ခုခံရေးခေါင်းဆောင် အယ်လ်-ဆာဒါး၏သစ္စာခံ ရှီးယိုက်လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်မြို့တော်အရှေ့ဘက်ရှိ ဆာဒါးမြို့တွင် ပြင်းထန်သည့် တိုက်ခိုက်မှုများ တနင်္ဂနွေနေ့စောစောပိုင်းက ဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

အမေရိကန်တပ်ဖွဲ့ဝင်များက မီဒီလက်နက်ကိုင်တပ်ဖွဲ့ခေါင်းဆောင်များအားဖမ်းဆီးရေးအတွက် ဆာဒါးမြို့အား တနင်္ဂနွေနေ့နံနက် ၈ နာရီခန့်က ဝင်ရောက်တိုက်ခိုက်ရာမှ မီဒီလက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ပြည်ထဲရေးသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနကိုပြောကြားသည်။

မီဒီတပ်ဖွဲ့

ရှီးယိုက်ပြည်သူ့ လက်နက်ကိုင်တပ်ဖွဲ့ကို အချို့က မီဒီလက်နက်ကိုင်တပ်ဖွဲ့ဟု သိထားကြသည်။

ဆုတ်ခွာ

တစ်နာရီခွဲကြာ ယင်းတိုက်ခိုက်မှုကြောင့် မီဒီလက်နက်ကိုင် တပ်ဖွဲ့ဝင်ရှစ်ဦး ထက်မနည်း သေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက မီဒီ လက်နက်ကိုင်တပ်ဖွဲ့ ခေါင်းဆောင်တစ်ဦးကိုမျှ ဖမ်းမိခြင်းမရှိဘဲ ဆုတ်ခွာခဲ့ကြသည်ဟု သတင်း ရပ်ကွက်က ထပ်လောင်းပြောကြားသည်။

မှန်ကန်

အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ယင်းဖြစ်ရပ် မှန်ကန်ကြောင်း အတည်ပြုပြောကြားပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမျှ သေဆုံးခဲ့ခဲ့ခြင်းမရှိကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင်သေဆုံးမှု စက်တင်ဘာ ၂၅ရက်အထိ ၁၉၁၄ဦးရှိ

ဝါရှင်တန် စက်တင်ဘာ ၂၆

အမေရိကန်နိုင်ငံက ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို စတင်တိုက်ခိုက်ခဲ့သည့်အချိန်မှ ၂၀၀၅ခုနှစ် စက်တင်ဘာ၂၅ရက်နေ့အထိ အီရတ်၌ အသက်ဆုံးရှုံးခဲ့ရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် အနည်းဆုံး ၁၉၁၄ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနမှတ်တမ်းများက ဖော်ပြသည်။

ဆန့်ကျင်

အထက်ပါ သေဆုံးမှုများအနက် ၁၄၈၈ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်။ ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးရသူ အရပ်သားငါးဦးလည်း ပါဝင်သည်။

၁၇၇၆ ဦးရှိ

အမေရိကန်သမ္မတဘုရှ်က အီရတ်တွင် အဓိကစစ်ပွဲကြီး ပြီးဆုံးပြီ ဖြစ်ကြောင်း ၂၀၀၃ ခုနှစ် မေလ ၁ရက်က ကြေညာခဲ့သည်။ ထိုသို့ကြေညာပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၇၇၆ ဦး ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာနမှ ရေတွက်မှုများအရသိရသည်။ ထိုစာရင်းတွင်အနည်းဆုံး ၁၃၇၅ဦးမှာဆန့်ကျင်သူများ၏တိုက်ခိုက်မှုကြောင့် သေဆုံးရသော အရေအတွက် ဖြစ်ကြောင်း စစ်ဘက်ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

အင်တာနက်။

ဘဂ္ဂဒက်တောင်ပိုင်းတွင် မိုးဖောက်ခွဲ ခြောက်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော် တောင်ပိုင်း ရှီးယိုက်အများစုနေထိုင်ရာ မူဆေယစ်မြို့တွင် စနေနေ့က ဗုံးဖောက်ခွဲသူတစ်ဦးက မော်တော်ဆိုင်ကယ်စီးကာ ဗုံးဖောက်ခွဲခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရင်ဆိုင်နေ

ယင်းဗုံးဖောက်ခွဲမှုကြောင့် လူ ၁၉ဦး ထိခိုက်ဒဏ်ရာရရှိသည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် ရှီးယိုက်နှင့်ကာ့ဒ်လူမျိုးများဦးဆောင်သည့် အီရတ်အစိုးရနှင့် ၎င်းတို့အား ထောက်ခံအားပေးသူ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆွန်နီတို့၏ နေ့စဉ်လိုလို ပစ်ခတ်မှုနှင့် ဗုံးဖောက်ခွဲမှုတို့ဖြင့် ရင်ဆိုင်နေကြရသည်။ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများပေါ်ပေါက်ပြီးနောက်နေ့တွင်ဖော်ပြပါအတိုင်း ဗုံးဖောက်ခွဲ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တနင်္ဂနွေနေ့စောစောပိုင်းကလည်း ကားဗုံးဖောက်ခွဲသူတစ်ဦးက ဘဂ္ဂဒက်ရှိ ရဲတပ်ဖွဲ့ လက်ရွေးစင် တပ်ဖွဲ့အား တိုက်ခိုက်ခဲ့ရာ လက်ရွေးစင်တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးခဲ့ပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေး ခေါင်းဆောင် အယ်လ်ဆာဒါး၏ သစ္စာခံ ရှီးယိုက်ပြည်သူ့လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဆာဒါးမြို့တွင် သောကြာနေ့က ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် ဗုံးပေါက်ကွဲမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းရှိဟီလာမြို့တွင်လည်း မော်တော်ဆိုင်ကယ်စီး ဗုံးဖောက်ခွဲသူတစ်ဦးက လူစည်ကားရာ ဟင်းသီးဟင်းရွက်ဈေးတွင် ဗုံးဖောက်ခွဲရာ အမျိုးသမီးနှင့်ကလေးငယ်တစ်ဦးအပါအဝင် လူလေးဦး သေဆုံးခဲ့ပြီး အခြား ၄၈ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဟီလာမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဈေးဆိုင်များ ပျက်စီးနေသည်ကို စက်တင်ဘာ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီတွင် မြေမြှုပ်မိုင်းဗုံး ပေါက်ကွဲ တပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရ

အန်ကာရာ စက်တင်ဘာ ၂၆

တူရကီနိုင်ငံအရှေ့ပိုင်းတွင် တနင်္ဂနွေနေ့က စစ်မော်တော်ယာဉ်တစ်စီး ဖြတ်သန်းသွားစဉ် မြေမြှုပ်မိုင်းဗုံးတစ်လုံး ပေါက်ကွဲသဖြင့် တူရကီတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ပေါက်ကွဲ

မြေမြှုပ်မိုင်းဗုံးကို ကာ့ဒ်အလုပ်သမားများအဖွဲ့ ခေါ် ပီကေကေ သောင်းကျန်းသူအဖွဲ့ဝင်များက ထောင်ထားခဲ့ခြင်းဖြစ်ပြီး ထိုဗုံးသည် ဘက်မင်ပြည်နယ် ဆာဆင်မြို့တွင် စစ်မော်တော်ယာဉ် ဖြတ်သန်းသွားစဉ် ပေါက်ကွဲခဲ့သည်။

ဆေးဝါးကုသ

ဒဏ်ရာရရှိသူ နှစ်ဦးမှာ အာဆင်ကီလစ်နှင့် မိမက်ကူရကူတို့ဖြစ်ပြီး ၎င်းတို့ကို ဆေးဝါးကုသပေးရန် ဆာဆင်ပြည်သူ့ဆေးရုံသို့ ပို့ခဲ့သည်။

အာဇူရမ်ဒေသနှင့် အာဇင်ကန်ဒေသကို ဆက်သွယ်ထားသော ရထားလမ်း၏နေရာနှစ်နေရာ၌လည်း စီ-၄အမျိုးအစား ဖောက်ခွဲရေးပစ္စည်း ၂၅ကီလိုဂရမ်ကို အသုံးပြု၍ ဗုံးထောင်ထားသည်ကို တနင်္ဂနွေနေ့က ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အပြည်ပြည်ဆိုင်ရာ ငွေကြေးနှင့် ဘဏ္ဍာရေးအစည်းအဝေးကျင်းပ ချမ်းသာသောနိုင်ငံများ ကိုယ်ကျိုးစီးပွားကာကွယ်ရေးကျင့်သုံးမှု စွန့်လွှတ်သင့်

ဝါရှင်တန် စက်တင်ဘာ ၂၆

ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကစက်မှုနိုင်ငံကြီးများအနေဖြင့် ခေတ်နောက်ကျနေပြီဖြစ်သော လုပ်နည်းလုပ်ဟန်များဖြစ်သည့် ကုန်သွယ်ရေး ကိုယ်ကျိုးစီးပွားကာကွယ်သည့် အယူအဆများကို စွန့်လွှတ်သင့်ပြီဖြစ်သည်ဟု တရုတ်နိုင်ငံ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဇောင်ဇိုချွန်က စက်တင်ဘာ ၂၄ ရက်နေ့တွင် ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးနှင့် ဘဏ္ဍာရေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးတွင် တရုတ်နိုင်ငံကိုယ်စားလှယ်က အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

ထိုကော်မတီသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ မူဝါဒရေးရာကိစ္စများကို ချမှတ်ပေးသော ကော်မတီဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးတွင် ဖွံ့ဖြိုးမှုအရှိန်ကောင်းလာသော နိုင်ငံအချို့၏ ဖိအားများ ပြင်းထန်စွာ ဖြစ်ပေါ်လာလျက်ရှိသည်။ ထိုဖိအားများကြောင့် စက်မှုနိုင်ငံအချို့တို့သည် မိမိတို့၏ ပြည်တွင်းလုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းမရှိမည်ကို ပူပင်လာကြသည့်အတွက် စီးပွားရေးကိစ္စတွင် နိုင်ငံရေးကိစ္စပါ စွက်ဖက်လာကာ ကိုယ်ကျိုးစီးပွားကာကွယ်ရေး အတားအဆီးများ ဆောင်ရွက်လာကြခြင်း ဖြစ်ကြောင်း ဇောင်က ထောက်ပြပြောကြားသွားသည်။

ကိုယ်ကျိုးစီးပွား ကာကွယ်ရေး အတားအဆီးများ ချမှတ်ကျင့်သုံးခြင်းသည် ကမ္ဘာ့စီးပွားရေးကိုသာ ထိခိုက်စေသည်မဟုတ်၊ထိုအတားအဆီးများကို ချမှတ်ကျင့်သုံးကြသော နိုင်ငံများကိုလည်း ထိခိုက်စေကြောင်း၊ ထိုမျှသာမကသေး ယခုအခါ ကမ္ဘာ့အသိုင်းအဝိုင်းက ကြိုးစားပမ်းစားအကောင်အထည်ဖော်ရန် လုံးပန်းနေကြသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ကိုလည်း ထိခိုက်စေကြောင်း ဇောင်က ဆက်လက်ပြောကြားခဲ့သည်။

သို့ဖြစ်၍ ချမ်းသာသော နိုင်ငံများအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေး အတားအဆီးများ ချမှတ်ကျင့်သုံးမှုများကို စွန့်လွှတ်ကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှုများဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ဇောင်က ထပ်လောင်းတိုက်တွန်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထည်ချုပ်စက်ရုံ တစ်ရုံ၏ လုပ်ငန်းခွင်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်တွင်းရေးတွင် အီရန်စွက်ဖက်သည်ဆိုမှု မှန်ကန်ခြင်းမရှိကြောင်း အီရန်အစိုးရပြောကြား

တီဟီရန် စက်တင်ဘာ ၂၆

အီရန်နိုင်ငံသည် အီရတ်ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်ဟူသည့် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး ဆော့ဒ်-အယ်လ်ဖိုင်ဆယ်၏ စွပ်စွဲပြောကြားချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ပယ်ချလိုက်ကြောင်း အီရန်နိုင်ငံပိုင် အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

အီရန်၏ မိတ်ဆွေနိုင်ငံများ အနေဖြင့် ယင်းသို့သော ယုတ္တိမတန်သည့် စွပ်စွဲမှုများကို ပြုလုပ်မည်မဟုတ်ဟု အီရန်က မျှော်လင့်ထားကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရီဇာအဆက်ဖီအား ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

ထောက်ခံ

အီရတ်နိုင်ငံ၏ သွေးစည်းညီညွတ်ရေးနှင့် အီရတ်တွင်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု အလျင်အမြန် တည်ဆောက်နိုင်ရေးအတွက် အီရန်က အစဉ်အမြဲ ထောက်ခံပြောကြားခဲ့သည်ဟု အဆက်ဖီက ဆက်လက်ပြောကြားသည်။

ယုံကြည်

အီရတ် နိုင်ငံအနေဖြင့် ပြည်ပစွက်ဖက်မှုမရှိမှသာ နိုင်ငံကို စီမံခန့်ခွဲနိုင်သည့် နိုင်ငံရေးစွမ်းအားရှိနိုင်မည်ဟု အီရန်နိုင်ငံက ယုံကြည်ထားကြောင်း ပြောကြားပြီး ဆော်ဒီဝန်ကြီး၏ စွပ်စွဲချက်ကို ပယ်ချလိုက်သည်။ အထူးသဖြင့် အီရတ်မှ ရှီးယိုက်တို့အား ငွေကြေးနှင့်လက်နက်များ ထောက်ပံ့ ပေးနေခြင်းဖြင့် အီရန်က အီရတ်၏ ပြည်တွင်းရေး ကိစ္စများတွင် ဝင်ရောက် စွက်ဖက်နေသည်ဟု အယ်လ်ဖိုင်ဆယ်က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် စွပ်စွဲပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်တွင် ယာဉ်တိုက်မှုဖြစ်ပွား ၃၉ ဦးသေဆုံး၊ ၁၅၀ ဒဏ်ရာရ

ဟိုက်ဒရာဘတ် (ပါကစ္စတန်) စက်တင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ် အဝေးပြေးလမ်းမတစ်ခု၌ ရှေ့ဆင့်နောက်ဆင့်ယာဉ်တိုက်မှု နှစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၃၉ ဦး သေဆုံးပြီး လူ ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပထမယာဉ်တိုက်မှု ဖြစ်ပွားရခြင်းမှာ ဆီဝန်ဒေသရှိ ဘုရားကျောင်းတစ်ခုမှ ပြန်လာသော ဘုရားဖူးယာဉ်နှင့် ထိုဘုရားကျောင်းသို့သွားမည့် ဆေးကျောင်းသားများ လိုက်ပါလာသည့်ယာဉ်တို့ တိုက်မိကြခြင်းဖြစ်သည်။ အခင်းဖြစ်ပွားချိန်မှာ စနေနေ့ ညပိုင်းတွင်ဖြစ်ပြီး လူ ၃၂ ဦး သေဆုံးခဲ့သည်ဟု ဒေသခံ ရဲအရာရှိ အက်တာလာချန်ဒီဘိုက ပြောဆိုသည်။

ယာဉ်တိုက်မှုဖြစ်ပွားခဲ့သော ဆီဝန်ဒေသသည် ကရာချိဒေသ အနောက်မြောက် မိုင် ၂၀၀ တွင်ရှိပြီး ထိုဒေသဘုရားကျောင်းတွင် လာရှုပ်ဘစ်ဇ်ကွာလန်ဒါအမည်ရှိ ကျော်ကြားသော ဆူဒီဖီစိန့် ဘုန်းတော်ကြီး တစ်ပါးရှိသည်။ ထိုဒေသတွင် နှစ်စဉ်ဘာသာရေးပွဲတော် ကျင်းပရာ ရက်များ၌ လာရောက်သူ ထောင်ပေါင်းများစွာရှိသည်။

ကရာချိဒေသ မိုင် ၁၄၀ အကွာ အင်ဒူစ်အဝေးပြေး လမ်းမပေါ်၌ အခြားယာဉ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ လူ ၁၂၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု ချန်ဒီအိုက ဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ပီရူးတွင် အင်အားပြင်းငလျင်လှုပ် လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

လီမာ(ပီရူး) စက်တင်ဘာ ၂၇

ပီရူးနိုင်ငံမြောက်ပိုင်းတွင် တနင်္ဂနွေနေ့က အင်အား ၇ဒသမ၅ရှိ အင်အားပြင်း ငလျင်လှုပ်သွားရာ လေးဦးသေဆုံးပြီး၊ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

တနင်္ဂနွေနေ့ ည ၈နာရီ ၅၅မိနစ်ခန့်တွင် မြေငလျင်လှုပ်သွားကြောင်း၊ ကော်ဖီစိုက်ပျိုးရာ မိုရိုဘမ်ဘာမြို့ အရှေ့တောင်ဘက် ၅၆မိုင်ကွာအရပ်ကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆန်မာတင်ဒေသ လာမက်စ်မြို့အနီးတွင် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ပွားခဲ့သည်။ ယင်းဒေသမှ အသက် ၇၂နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ အသက် ကိုးနှစ်အရွယ် ကလေးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း လာမက်စ်မြို့တော်ဝန် ရာဖယ်လ်ဆာဗီဒါရာက စီပီအင်န်အသံလွှင့်ဌာနသို့ ပြောကြားသည်။

လာလီဘာလဒ်ဒေသအနီးတွင် နေထိုင်သူအမျိုးသမီးသည် ၎င်း၏ နေအိမ်ပြိုကျရာမှ သေဆုံးသွားကြောင်း ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားသည်။

လာမက်စ်ဒေသတွင် ငလျင်လှုပ်သွားခြင်းကြောင့် အိမ် ၁၀၂လုံး ပျက်စီးသွားပြီးအခြေမခိုင်သော အိမ်၄၉၈လုံးမှာလည်း ပြိုကျခဲ့ကာ ပြည်သူ ၃၀၀၀ကျော်တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဆာဗီရောက ဆိုသည်။

မြေငလျင်ဘေးဒဏ်ခံဒေသသို့ ဗဟိုအစိုးရအဖွဲ့က စောင်များ၊ ယာယီတဲများ၊ ရိက္ခာနှင့် ဆေးဝါးများ ပေးပို့ခဲ့ပြီး ဆရာဝန်များကို စေလွှတ်ပေးသည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိုင်းနိုင်ငံတွင် အဖျားရောဂါတစ်မျိုးဖြစ်ပွားဖွယ်ရှိ တောင်သူများနှင့် ဒေသခံများအား သတိပေးထား

ဗန်ကောက် စက်တင်ဘာ ၂၆

ယခုနှစ်စက်တင်ဘာနှင့် အောက်တိုဘာလများတွင် အဖျားရောဂါတစ်မျိုးဖြစ်သည့် Leptospirosis ရောဂါဖြစ်ပွားဖွယ်ရှိကြောင်း ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံအရှေ့မြောက်ပိုင်းရှိ တောင်သူများနှင့်ဒေသခံများအား သတိပေးလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း နာခွန်ရတ်ချာဆီးမားပြည်နယ်တွင် ယင်းရောဂါဖြင့် လူနှစ်ဦး သေဆုံးခဲ့ရသည်။

ဖြစ်ပွား

အဆိုပါအဖျားရောဂါသည် သာမန်အားဖြင့် မိုးရာသီတွင် ဖြစ်ပွားလေ့ရှိကြောင်း၊ မိုးရာသီကုန်ခါနီး စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းသည့် အခါမျိုးတွင်လည်း ဖြစ်ပွားတတ်ကြောင်း နာခွန်ရတ်ချာ ဆီးမားပြည်နယ်ရောဂါထိန်းချုပ်ရေးဌာနအကြီးအကဲ ဒေါက်တာ ဆမ်ချိုင်းတန်စူပါချိုင်း၏ ပြောကြားချက်ကို ကိုးကားလျက် ထိုင်းသတင်းဌာနကဖော်ပြသည်။

ယခုနှစ် ပထမရှစ်လအတွင်း ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ပြည်နယ် ငါးပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၁၉၈ဦးရှိခဲ့ကြောင်း တန်စူပါချိုင်းက ပြောကြားသည်။

ယင်းရောဂါသည် ဘက်တီးရီးယားပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ရှဉ့်၊ ကြွက် စသည့်သတ္တဝါများ၊ ခွေးများနှင့် အခြားနို့တိုက်သတ္တဝါများမှတစ်ဆင့် လူကိုကူးစက်နိုင်သည်။ ရောဂါဖြစ်ပွားသူများသည် ချမ်းတုန်ပြီး အပြင်းဖျားခြင်း၊ ခေါင်းပြင်းထန်စွာကိုက်ခဲခြင်းနှင့် ကြွက်သားများ နားကျင်ခြင်းစသည့် ဝေဒနာများကို ခံစားရမည်ဖြစ်သည်။ ရောဂါပြင်းထန်ပါက အသည်းသို့မဟုတ် ကျောက်ကပ်ကို ပျက်စီးစေပြီး သေဆုံးနိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့မြေပြင်၏ တောင်ဝင်ရိုးစွန်းရေခဲမြစ်များကို လေ့လာနိုင်ရေးအတွက် သုံးနှစ်ကြာ အာကာသမစ်ရှင်လုပ်ငန်းဆောင်ရွက်မည့် အာကာသယာဉ်ကို ဥရောပအာကာသစခန်းတွင် စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဟောင်ကောင်တွင် ဒမ်ရေးမုန်တိုင်း တိုက်ခတ်

ဟောင်ကောင် စက်တင်ဘာ ၂၆

ဟောင်ကောင်ကျွန်းတွင် စနေနေ့က ဒမ်ရေးအပူပိုင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ မိုးသက်လေပြင်းများ ကျရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အင်အားပြင်းသည့် ဒမ်ရေးအပူပိုင်းမုန်တိုင်းသည် ဟောင်ကောင်ကျွန်း၏ တောင်-အရှေ့တောင်ဘက်ကီလိုမီတာ ၂၉၀ခန့်အကွာရှိ နေရာကိုဗဟိုပြုလျက်ရှိကြောင်း ဟောင်ကောင်မိုးလေဝသဌာနက ကြေညာသည်။

ရာသီဥတုအခြေအနေဆိုးရွားသဖြင့် သူငယ်တန်းကျောင်းများနှင့် မသန်စွမ်းကလေးများကျောင်းများကို ယာယီပိတ်ထားရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထနည်းဗျူဟာသည် မီဒီယာတို့၏ အမျိုးသားရေးတာဝန်

ခြင်ကျား (မအူပင်)

"မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစပြီး မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းဆောင်ရွက်ရေး နည်းဗျူဟာသုံးရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မီဒီယာ နည်းဗျူဟာကိုပါ ထည့်သွင်း၍ နည်းဗျူဟာလေးရပ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊"

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **"မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေး ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး"**၌ မီဒီယာများအတွက် အမျိုးသားရေးတာဝန်နှင့်စပ်လျဉ်း၍ ထည့်သွင်းမှာကြားခဲ့လေသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်သည် တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် အန္တရာယ်ဆိုးကြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မိမိနိုင်ငံတွင်း မူးယစ်ကင်းမဲ့နိုင်ငံ ဖြစ်စေရန်ဆောင်ရွက်ခဲ့ရာ သိသာထင်ရှားသော အောင်မြင်မှုရလဒ်များ ရရှိနေကြောင်းတွေ့ရှိရလေသည်။ ဤသို့ အောင်မြင်ခဲ့ရခြင်းအကြောင်းရင်းမှာ မူးယစ်ဆေးဝါးကို တစ်မျိုးသားလုံးရန်သူအဖြစ် သတ်မှတ်ခြင်းနှင့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေး၏ နည်းဗျူဟာသစ် တစ်ရပ်ဖြစ်သော **"မီဒီယာနည်းဗျူဟာ"** သည် သတင်းနှင့်မြန်မာ့စာပေလောကအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

"မူးယစ်ဆေးဝါး"ဟူသည် မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံဖွား မဟုတ်ချေ။ ထို့ကြောင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်၊ သုံးစွဲ၊ ဖြန့်ဖြူးမှုသည်လည်း မြန်မာ့ဓလေ့၊ စရိုက်၊ ဗီဇမဟုတ်ချေ။ သမိုင်းနှင့် သက်သေထူရသော် ပုဂံအာနန္ဒာဘုရားရှေ့ **"မောင်ချစ်စ ကုန်း"**မှရရှိခဲ့သော မြေပုံဘုရားနောက်ကျော၌ ပုဂံခေတ်က စိုက်ပျိုးသောသီးနှံစာရင်းတွင် ဘိန်းပင်မပါရှိကြောင်း တွေ့ရလေသည်။

၁၆ရာစုအလယ်ခန့်လောက်တွင် အင်္ဂလိပ်၊ ဒတ်(ချ်)၊ အာရပ်တို့က အရှေ့အိန္ဒိယမှဘိန်းများကို မြန်မာနိုင်ငံသို့ တင်သွင်းလာကြသည်။ မြန်မာမင်းများလက်ထက် မြေခွန်၊ ဆားခွန်၊ သတ္တုတွင်း ခွန်၊ သစ်တောခွန်၊ ရုံးခွန်၊ ငါးဖမ်းခွန်စသော အခွန်များသာကောက်ခံ၍ ယစ်မျိုးခွန် ကောက်ခံခြင်းမပြုကြောင်း တွေ့ရသည်။

၁၈၂၇ ခုနှစ် အင်းဝကိုရောက်ရှိခဲ့သော **"ဂျွန်ကရောဖဒ်"**က "မြန်မာအစိုးရလက်ထက်တွင် ယစ်မျိုးခွန်ဟု ကောက်ခံခြင်းမရှိ၊ မြန်မာလူမျိုးတို့သည် ၎င်းတို့၏ဥပဒေများကတင်းကျပ်စွာတားမြစ်ထား၍ လည်းကောင်း၊ သာသနာရေးအရလည်းကောင်း အရက်၊ ဘိန်းနှင့်အခြား မူးယစ်ဆေးဝါးများကို သုံးစွဲလေ့မရှိကြချေ" ဟု သူ၏ခရီးသွား မှတ်တမ်း၌ ဖော်ပြထားဖူးလေသည်။

သီပေါမင်းလက်ထက်၌ **"ယစ်မျိုးငါးပါးဥပဒေ"**ကို ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို လုံးဝ ပိတ်ပင်တားမြစ်ခဲ့သည်။ မလိုက်နာသူများအား အရေးယူဆောင်ရွက်ရန် မြို့၊ ရွာ အုပ်ချုပ်သူ အရာရှိများအား လိုအပ်သောအာဏာများ အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိပြီး နယ်ချဲ့အစိုးရတို့ ထုတ်ပြန်ခဲ့သော ၁၈၇၈ ခုနှစ် ဘိန်းဥပဒေနှင့် နည်းဥပဒေများသည် ဘိန်းစွဲနေသူများကို မှတ်ပုံတင်၍ အစိုးရအသိအမှတ်ပြုဘိန်းဆိုင်များတွင် သတ်မှတ်ထားသော ဘိန်းအမျိုးအစားနှင့် အရေအတွက် ဝယ်ယူသုံးစွဲခွင့်ပြုခဲ့ခြင်းပင် ဖြစ်သည်။ အင်္ဂလိပ်အစိုးရသည် ဘိန်းက တိုင်းရင်းသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ထိခိုက်မှန်းသိလျက် ဘိန်းရောင်းခွင့်၊ ဘိန်းရှူခွင့်ပြုထားကာ ယစ်မျိုးဌာနကြီးတစ်ခုကိုပင် သီးခြားထူထောင်၍ ဝင်ငွေရှာခဲ့သည်။

ပင်လုံစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် တောင်တန်းသားတို့၏ ဆန္ဒသဘောထားနှင့် စီးပွားရေး၊ကျန်းမာရေး၊ပညာရေး၊လမ်းပန်းဆက်သွယ်ရေး စသည်တို့နှင့်ပတ်သက်၍ လိုအပ်သော စုံစမ်းမှုပြုရန် အင်္ဂလိပ် အစိုးရက ၁၉၄၇ ခုနှစ် မတ်လတွင် Frontier Areas Committee of Enquiry ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏ ၂၄-၄-၄၇ အစီရင်ခံစာတွင် ဤသို့ တွေ့ရလေသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် လူဦးရေ ၈၂၇၀၀၀ ရှိရာ၌ ၆၀၀၀ခန့် ဘိန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူဦးရေ ၆၉၀၀၀၀ ရှိရာ အများစုမှာ လက်ဖက်နှင့် ဘိန်းစိုက်ပျိုးသည်ဟု ဖော်ပြထားသည်။

ဤကဲ့သို့ မူးယစ်ဆေးဝါးသည် မြန်မာနိုင်ငံတွင် နယ်ချဲ့၏ဆိုးမွေအဖြစ် ကြွင်းကျန်ရစ်သည့်တွင် မြန်မာနိုင်ငံ၌လည်း ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အင်္ဂလိပ်လက်ထက်က ပြဋ္ဌာန်းခဲ့သော ဥပဒေကို အနည်းငယ်ပြင်ဆင်၍ သုံးခဲ့သဖြင့် မူးယစ်ဆေးဝါးသည် ပိုမိုအမြစ်တွယ်ခဲ့သည်။

လွတ်လပ်ရေး ရပြီးစကာလတွင် မြန်မာနိုင်ငံ အချုပ်အခြာကို ကျူးကျော်ခဲ့ကြသော ကေအမ်တီ (Kuomintang) တို့သည် မိမိတို့ တပ်ဖွဲ့လက်နက်ရိက္ခာရရှိရေးအတွက် နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါး သယ်ဆောင်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရေးကို ဆောင်ရွက်ခဲ့ကြသည်။ စစ်အေးကာလတွင် နိုင်ငံကြီးတစ်နိုင်ငံသည် မူးယစ်ဆေးဝါးကို ကွန်မြူနစ်နိုင်ငံများအား ချေမှုန်းသည့်လက်နက်အဖြစ် အသုံးပြုခဲ့သည်။ ထိုသို့ အသုံးပြုရာတွင် ကေအမ်တီတရုတ်ဖြူများကို သူတို့၏ကြေးစားတပ်အဖြစ် အသုံးချခဲ့ကြသည်။

တပ်မတော်က ကေအမ်တီတရုတ်ဖြူများကို မြန်မာ့မြေပေါ်မှ အပြီးအပိုင်မောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော အစိုးရအဆက်ဆက်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံသည့် စစ်မှန်သော ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သောကြောင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုဆိတ်သုဉ်းခဲ့ရသည်။ ထိုလစ်ဟင်းမှုကို အခွင့်ကောင်းယူ၍ တရုတ်ဖြူအကြွင်းအကျန်များ၊ သောင်းကျန်းသူ ဘိန်းဘုရင်များနှင့် ဝိသမလောဘသမားများသည် နယ်စပ်ဒေသများကို အခြေခံ၍မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရေးကို ဆောင်ရွက်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်က အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရသောအခါ တိုင်းရင်းသားအများစု နေထိုင်သော နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကိုဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၃-၄-၉၉ရက်နေ့တွင် ကျင်းပသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၉၉)တွင် လမ်းညွှန်ချက် (၁၂)ရပ် ချမှတ်ပေးခဲ့သည်။

ထိုလမ်းညွှန်ချက်များတွင် **"နယ်စပ်ဒေသဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ သူနာပြုများ မူးယစ်ဆေးစွဲ ရောဂါကုသမှုပညာကိုပါ လေ့ကျင့်သင်ကြားပေးရန်နှင့် မူးယစ်ဆေးဝါး ကုသဆောင်များ တိုးချဲ့ ဆောက်လုပ်ပေးရေး"**ဟူသောအချက်နှင့် **"ဘိန်းဖြင့်အသက်မွေးသည့်လုပ်ငန်းသည် သမ္မာအာဇီဝမဟုတ်ဘဲ လူသားမျိုးနွယ်ကို ပျက်စီးစေသည့် လူ့အဖွဲ့အစည်းအတွက်မကောင်းသော လုပ်ငန်းများဖြစ်သည်"**ဟု အသိတရားရရှိလာစေရေးတို့ ပါရှိခဲ့လေသည်။

ထို့ပြင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၀၂) တွင်လည်း မူးယစ်ဆေးဝါး ချုပ်ငြိမ်းရေးအတွက် ထည့်သွင်းလမ်းညွှန်မှုပြုခဲ့သည်။ ထိုလမ်းညွှန်မှုများမှာ **"မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို ကိုယ်တိုင်သိမြင်ပြီး မူးယစ်ဆေးဝါးကို ရွံမုန်းသည့်စိတ်ဓာတ် ကိန်းအောင်းလာအောင် တိုင်းရင်းသားများကို အမြဲမပြတ် ပညာပေး စည်းရုံးရန်"**နှင့် **"ဘိန်းစိုက်ပျိုးမှုအလေ့အထပပျောက်ရေးအတွက် ဒေသခံ တိုင်းရင်းသားများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန်"** တို့ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ **"မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်း၍ မူးယစ်ဆေးဝါး ချုပ်ငြိမ်းရေး"** ကို ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၉၉-၂၀၀၀ခုနှစ်မှစ၍ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ချမှတ် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်နှင့် နည်းနာနိသယသုံးရပ်တို့ဖြင့် ဆောင်ရွက်ခဲ့သည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို လုပ်ငန်းအဖွဲ့ ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူအပိုင်းကလည်း မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုကို အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး တာဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် UNODC ကထုတ်ပြန်သည့် World Drug Report အရလည်းကောင်း၊ အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ခုနှစ် US Government Drug Strategy Report အရလည်းကောင်း မြန်မာနိုင်ငံတွင် ဘိန်းထုတ်လုပ်မှု ကျဆင်းသွားကြောင်း တွေ့ရပေသည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ ၁၉၉၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၌ မီးရှို့ဖျက်ဆီးသည့် အကြိမ် ၁၉ ကြိမ်ရှိခဲ့ပြီး နယ်စပ်ဒေသများနှင့် အခြားမြို့များတွင်လည်း မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအပြင် ဘိန်းမျိုးစေ့များ မီးရှို့ဖျက်ဆီးခဲ့သည်မှာ ၃၄ ကြိမ်ရှိခဲ့ပြီဟု သိရသည်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်း၊ ပန်းတိုင်သစ် စီမံကိန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်လျက် ရှိသကဲ့သို့ တရားမဝင် ဘိန်းစိုက်ပျိုးမှု၊ ဘိန်းနှင့် ဘိန်းဖြူ ထုတ်လုပ်မှု၊ သယ်ဆောင်၊ ရောင်းဝယ်သုံးစွဲမှု ပြဿနာကိုလည်း အလေးထား တိုက်ဖျက်ခဲ့ရာ ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှု သိသိသာသာ ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းခဲ့သော်လည်း ATS ကဲ့သို့သော စိတ်ကြွရူးသွပ်ဆေးဝါးများ အန္တရာယ် တားဆီးရန် လိုအပ်လာသည်။ သို့သော် စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်ရာတွင် အဓိက အသုံးပြုသည့် Precursor Chemical ဓာတုပစ္စည်းများကို မြန်မာနိုင်ငံက ထုတ်လုပ်နိုင်မှုမရှိကြောင်း တွေ့ရှိရသည်။ နယ်စပ် တရားမဝင်စီးကြောင်းမှ ထိုစိတ်ကြွရူးသွပ်ဆေးများ၊အစပြုဓာတုပစ္စည်းများ ဝင်ရောက်တတ်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံအတွင်းရှိ ဓာတုပစ္စည်းများနှင့် ဆက်စပ်လုပ်ကိုင်ရသော အလုပ်ရုံ၊ စက်ရုံများတွင်လည်း တရားဝင် လမ်းကြောင်းပြောင်းလဲမှု မဖြစ်ပေါ်စေရန် အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပညာပေးမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်က မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်နိုင်စေရန် ရည်ရွယ်၍ **"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့"**၌ လူထုအတွင်း ထိုးဖောက်ရာတွင် အအောင်မြင်ဆုံးဖြစ်သည့် အနုပညာနယ်ပယ်မှ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးသည့်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခဲ့သည်ကို တွေ့ရသည်။ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပလာခဲ့သည်မှာ (၈)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယနေ့ နိုင်ငံတကာကို ခြိမ်းခြောက်လျက်ရှိသော စိတ်ကြွရူးသွပ်ဆေးများကို ၁၉၉၆ ခုနှစ်မှစ၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလာကြောင်း တွေ့ရသည်။ စိတ်ကြွရူးသွပ်ဆေးများသည် ဘိန်းကိုအခြေခံထုတ်လုပ်ခြင်း မဟုတ်ဘဲ ဓာတုဆေးဝါးများကို အခြေခံထုတ်လုပ်ကြရသည်။ စိတ်ကြွရူးသွပ်ဆေးဝါးများသည် မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ လျှို့ဝှက်ခိုးသွင်းသော တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာနိုင်သည်။

သယ်ဆောင်ရောင်းဝယ်မှု လွယ်ကူသောကြောင့် သုံးစွဲရလွယ်ကူရာ စိတ်ကြွရူးသွပ်ဆေးပြဿနာကို ထိရောက်စွာ နှိမ်နင်းရန် လိုအပ်လာသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❑

> **ယခုအခါ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်း၊ ပန်းတိုင်သစ်စီမံကိန်းနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ တရားမဝင် ဘိန်းစိုက်ပျိုးမှု၊ ဘိန်းနှင့် ဘိန်းဖြူ ထုတ်လုပ်မှု၊ သယ်ဆောင်၊ ရောင်းဝယ် သုံးစွဲမှုပြဿနာကိုလည်း အလေးထား တိုက်ဖျက်ခဲ့။**

❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

"မိမိတို့နိုင်ငံအတွင်းမှ ပြည်သူနှင့် လူငယ်ထုအတွင်း သုံးစွဲမှုများပြားလာကြောင်း၊ ယင်းတို့ကို တားဆီးကာကွယ်နှိမ်နင်းရန် လိုအပ်လာပြီဖြစ်ရာ ပြည်သူနှင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကမီဒီယာများ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း"

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး နည်းဗျူဟာ(၄)ဖြစ်သော မီဒီယာနည်းဗျူဟာနှင့်စပ်လျဉ်း၍ ဤသို့မှာကြားခဲ့ပြီးလည်းဖြစ်သည်။

၁၉၉၉-၂၀၀၀ ခုနှစ်ကာလအတွင်း လူငယ်များအား ပညာပေးမှုတစ်ရပ်ကို ပြန်လည်လေ့လာသော် လူငယ်ပညာပေးလုပ်ငန်း အခြေအနေကို ဤသို့တွေ့ရှိရသည်။ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများမှ မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး ၁၇၃ ကြိမ် ပြုလုပ်ခဲ့ပြီး လက်ကမ်းပိုစတာ စာစောင် ၂၄၁ ကြိမ် ဖြန့်ဝေခဲ့သည်။ ဗဟိုအသင်းပြခန်း၌ နံရံကပ်စာစောင် အကြိမ် ၃၅၀ ပြသခဲ့၍ လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ ဓာတ်ပုံပြပွဲ ၁၉၉ ကြိမ် ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

သုတပဒေသာစာစောင်၌ ဆောင်းပါး ၃၉ ပုဒ်၊ ရွှေသွေးဂျာနယ်၌ ကဗျာတစ်ပုဒ်၊ နေ့စဉ်ထုတ် သတင်းစာများ၌ ခေါင်းကြီး ၄၉ ပုဒ်၊ သတင်းဆောင်းပါး ၇၂ ပုဒ်နှင့်သတင်းဓာတ်ပုံ ၄၇၆ ပုံဖော်ပြခဲ့သည်။ ရေဒီယို၊ ရုပ်မြင်သံကြားမှ သတင်း ၁၀၄၁ ကြိမ်၊ ဟောပြောချက် ၁၄၃ ကြိမ်၊ ဇာတ်လမ်းနှင့် သီချင်း ၈၂၉ ကြိမ်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မှတ်တမ်းတင်ပြသမှု ၂၅၅ ကြိမ် ဆောင်ရွက်ခဲ့သည်။ ဤကားဝန်ကြီးဌာန၊ ဌာနဆိုင်ရာများမှ မီဒီယာစနစ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးမှုသာဓကပင်ဖြစ်သည်။ ယခုအခါ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနည်းဗျူဟာတွင် မီဒီယာဗျူဟာကိုပါ ထည့်သွင်းသတ်မှတ်ခဲ့ရာ မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေးအမျိုးသားရေးတာဝန်သည် ပုဂ္ဂလိကမီဒီယာတို့၏ ပခုံးထက်သို့ ကျရောက်လာခဲ့ပေပြီ။ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးကလည်း မီဒီယာတို့ ဆောင်ရွက်ရမည့် နည်းလမ်း များကို မှာကြားသွားခဲ့ပြီးဖြစ်သည်။ မီဒီယာများသည် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးကို အသိပညာပေးကြရာတွင် လူငယ်ထုအား အုပ်စုသုံးစုခွဲ ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်မည်ဖြစ်ကြောင်း မှာကြားခဲ့ပြီးဖြစ်သည်။

မူးယစ်ဆေးဝါး မသုံးစွဲရသေးသော အုပ်စု၊ သုံးစွဲရန် အလားအလာရှိသောအုပ်စု၊ သုံးစွဲပြီးအုပ်စုဟူ၍ အုပ်စုသုံးစုခွဲ၍ လိုအပ်သလို အသိပညာပေးရန်လည်း မှာကြားခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံတကာကို ခြိမ်းခြောက်လျက်ရှိသော စိတ်ကြွရူးသွပ်ဆေးအန္တရာယ်သည် လူငယ်ထုအတွင်း ကူးစက်လွယ်ကြောင်းတွေ့ရှိရသည်။ မူးယစ်ဆေးဝါးသုံးစွဲရာမှတစ်ဆင့် အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါများ ဖြစ်ပွားတတ်ရာ မြန်မာလူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်ဆိုးကြီး မကျရောက်နိုင်စေရန် ပညာပေးခြင်းဟူသော မီဒီယာနည်းဗျူဟာဖြင့် ကာကွယ်ကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ ဖြန့်ဖြူးမှုတားဆီးကာကွယ်ရေးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပုဂ္ဂလိက မီဒီယာများကပါ မိမိတို့၏ အမျိုးသားရေးအသိဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၏ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်နေမှုအပေါ် ဝေဖန်စွပ်စွဲလိုသူများပင်လျှင် အပြစ်ရှာမရအောင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းခဲ့ကြောင်း ဝန်ခံခဲ့ကြရသည်။ အိမ်နီးချင်းနိုင်ငံများ၊ ပြည်ပလူမှုရေး အဖွဲ့များကပါ ပူးပေါင်းပါဝင်လာကြ၍ ဒေသအတွင်း မူးယစ်ကင်းစင်ရေးသို့ ရည်မှန်းဆောင်ရွက်နေကြောင်း တွေ့ရသည်။

ယခုအခါ နိုင်ငံတော်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး နည်းဗျူဟာတစ်ရပ်အဖြစ် **"မီဒီယာ"** နည်းဗျူဟာကို ထည့်သွင်းသတ်မှတ်ခဲ့သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာန၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကမီဒီယာများ ပူးပေါင်း၍ ပြည်သူလူထုအတွင်း(ဝါ) လူငယ်ထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ ဤတာဝန်သည် လေးနက်မြင့်မားသော အမျိုးသားရေးတာဝန်ဖြစ်ရာ မီဒီယာတို့၏ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါစို့ဟု နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထနည်းဗျူဟာသည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ၊ မီဒီယာများ၏ အမျိုးသားရေးတာဝန်ပင် ဖြစ်ပါသတည်း။ ။

သိမ်နှင့် ကိုးထပ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီဟာသ်ာတ ပရဟိတကျောင်းတိုက်တွင် ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်အတွက် ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရေတမာလမ်းနေ လင်းလတ်ရောင်ခြည်ပွဲရုံမှ ကိုဇော်ဟိန်း-မလှလှအေး မိသားစုက တတိယအကြိမ်မြောက် အလှူငွေကျပ် နှစ်သိန်း၊ အလုံမြို့နယ် ကမ်းနားလမ်း ထော်လီကွေ့နေ ဒေါ်ငွေငွေ မိသားစုက ကွယ်လွန်သူ ခင်ပွန်းဦးကျူးကြည်နှင့်သား ကိုဝင်းမြင့်တို့အား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းတို့ကို စက်တင်ဘာ ၂၄ရက်က လှူဒါန်းခဲ့ကြသည်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ၁၃၆၇ခုနှစ် တော်သလင်းလကွယ်နေ့ အောက်တိုဘာ ၂ရက် တနင်္ဂနွေနေ့ ည ၇နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မှော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသုမန အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကိုဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း မဟာစည်သာသနာ့ရိပ်သာ၌ စက်တင်ဘာ ၁၇ ရက်ကကျင်းပသည့် မဟာစည်ဗုဒ္ဓသာသနာပြု သင်တန်းစာအောင်သံဃာတော်နှစ်ပါးအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲတွင် မဟာစည်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးတင်စိုးလင်းက စာအောင်သံဃာတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၇-၉-၂၀၀၅)

ပူတာအို	၄ ဒသမ ၂၅ လက်မ
ကျောက်ပန်းတောင်း	၂ ဒသမ ၆၂ လက်မ
မန္တလေး	၁ ဒသမ ၆၁ လက်မ
မချမ်းဘော	၁ ဒသမ ၃၈ လက်မ
မိတ္ထီလာ	၀ ဒသမ ၇၅ လက်မ
မြင်းခြံ	၀ ဒသမ ၇၁ လက်မ
ညောင်ဦး	၀ ဒသမ ၅၂ လက်မ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၄၀	ဗွီစီဒီမိတ်ဆက်(မြစ္စာညို)
၈:၀၀	မအီချောင်းတံတား
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	သိပ္ပံအကြောင်း သိကောင်းစရာများ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	မှော်ဘီ(၃)စပါးမျိုးသစ် အပေါ်တွင် ကောက်ကွက်ပျိုးစမ်းသပ်မှု
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	Management Talk(3) ဦးမျိုးမြတ်သူ၊ဦးအေးကျော် (MHR)
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	သင်ယူစရာပန်းချီပညာ (မှတ်ဉာဏ်ဖြင့်ရေးဆွဲခြင်း)
၉:၅၅	မိုးလေဝသခန့်မှန်းချက်
၁၀:၀၀	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	လေငန်းရောဂါအား တိုင်းရင်းဆေးဖြင့်ကုသခြင်း
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	အာဟာရနှင့်ကျန်းမာရေး အပိုင်း(၁) (ကျောက်ဘီလူး တင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အင်းဝလမ်းနေ ဦးအောင်သန်းစိန်-ဒေါ်ခင်လတ်(ခ)ဒေါ်လူစီ မိသားစုက ငွေကျပ်တစ်သိန်းငါးထောင်ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မမေ့ကြဖို့ လိုအပ်သည်

- ❀ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်
တင့်တင့်တယ်တယ်၊ ကမ္ဘာ့အလယ်မှာ
နေခဲ့ရာမှ၊ မြန်မာ့လွတ်လပ်ရေး
လုယူပြေးသွား၊ နယ်ချဲ့သမားကြောင့်
ကျွန်ဖြစ်သွားခြင်း၊ အကြောင်းရင်းအခြေခံ
အဖြေမှန်ကို၊ ပြန်ပြောင်းသတိရ
မမေ့ကြဖို့ လိုအပ်သည်။
- ❀ မြန်မာ့လွတ်လပ်ရေး၊ အသက်သွေးချွေးတွေ
စတေးပေးဆက်၊ လက်ဝယ်ပိုင်ပိုင်
ရရှိနိုင်အောင်၊ ပြည်ထောင်တစ်လွှား
ညီနောင်များတို့၊ သားကောင်းဇာနည်
အောင်စစ်သည်နှင့်၊ ညီညီညွတ်ညွတ်
မြန်ပြည်လွတ်ဖို့၊ အထွတ်တမြတ်ယူပေး
လွတ်လပ်ရေး၏၊ သမိုင်းပေးအမွေခံ
အဖြေမှန်ကို၊ ပြန်ပြောင်းသတိရ
မမေ့ကြဖို့ လိုအပ်သည်။
- ❀ စည်းလုံးမှုပျက်ပြားလျှင်၊ အဖျက်တရားအလုံးစုံ
ကြုံရမည်မလွဲ၊ ကေန်ပဲတည့်။
- ❀ စည်းလုံးမှုခိုင်မြဲလျှင်၊ အောင်ပွဲလှလှ
ကြုံရမည်မလွဲ၊ ကေန်ပဲတည့်။
- ❀ မြန်မာ့အမွေ၊ ရေမြေပိုင်နက်
တစ်လက်မအထိမခံ၊ ဇာတိမာန်၏
ပကတိမြင်ကွင်း၊ စည်းလုံးခြင်းကား
ပြည်တွင်းမှာထား၊ ပြည်တွင်းအားတည့်။
- ❀ ပြည်တွင်းမှာထား၊ ပြည်တွင်းအားကို
အကြားအလပ်မရှိ၊ အမိမြန်မာပြည်
ကမ္ဘာတည်သရွေ့၊ တည်ငြိမ်အေးချမ်း
ပြည်ထောင်တစ်ဝန်းလုံး၊ ပန်းများအခိုင်ခိုင်
နိုင်ငံအနံ့နံ့၊ ပျံ့ပျံ့သင်းသင်း
လေညင်းနှင့်အတူ၊ သယ်ဆောင်ယူရန်
အဖြေမှန်ကို ကေန်သတိရ
မမေ့ကြဖို့ လိုအပ်သည်။ ။

ဟသ်ာတမြင့်ငွေ

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၄၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး နေမျိုးသူ ဦးဆောင်သော အရာရှိ၊ အခြားအဆင့်၊ စာရေးဝန်ထမ်းနှင့် မိသားစုများ မြောင်းမြမြို့ ရွှေဗုဒ္ဓေါစေတီတော်မြတ်ကြီး၌ စက်တင်ဘာ ၂၆ ရက် နံနက်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (ခရိုင်ပြန်/ဆက်)

ကညွတ်ကွင်းအထက အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရပ်နီး၊ ရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲအတွက် အလှူငွေများလှူဒါန်းလိုပါက မောင်လူကလေး(ရန်ကုန်) ဖုန်း-၀၉-၀၈-၂၂၇၅၅၊ ဦးမောင်မောင်သိမ်း (ရန်ကုန်)ဖုန်း-၀၁-၃၈၁၃၈၃၊ ဒေါက်တာကျော်မြင့်-ဒေါ်သန်းသန်းအေး(ကညွတ်ကွင်း) ဖုန်း-၇၇၊ ဦးအောင်မြင့် (ကညွတ်ကွင်း) ဖုန်း-၀၉-၅၂၀၀၇၂၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ အငြိမ်းစားဆရာ၊ ဆရာမကြီးများအနက် ပူဇော်ကန်တော့ခံရန် ကျန်ရှိနေပါက တပည့်ဟောင်းများထံအချိန်မီ ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်
ကျေးရွာပြည်သူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်အတူ ပေါင်းစပ်ဆောင်ရွက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ အမှတ်(၃၄) အခြေခံပညာ မူလတန်းကျောင်း ဝင်းအတွင်းတွင် ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

❀ **ရွှေဖုံးမှ**

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့၏ ဦးဆောင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့သော ကျေးလက်ဒေသများအနက် ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာနှင့် ဆင်ရွာကြီးကျေးရွာတို့သည်လည်း ဖွံ့ဖြိုးတိုးတက်သော ကျေးလက်ဒေသများ၌ ပါဝင်ခဲ့သည်။

ယင်းသို့ ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာနှင့် ဆင်ရွာကြီးကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုလေ့လာအားပေးရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးကူညီပေးရန်အတွက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၅ရက် နံနက် ၈နာရီတွင် ရွာသစ်ကျေးရွာသို့ ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးမှုဖြင့် တည်ဆောက်ထားသော ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ရွာသစ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဇီဝဓာတ်ငွေ့ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဆောင်နှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးကျော်သောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စက်ရုံရှိမီးခလုတ်ကိုနှိပ်၍ လျှပ်စစ်မီးချောင်းကို ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က ရွာသစ်ကျေးရွာအမှတ် (၃၄) အခြေခံပညာမူလတန်းကျောင်း မြက်ခင်းပြင်၌ ကျေးလက်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျေးရွာပြည်သူများကိုယ်စား ဦးစိုးမောင်က ပြောကြားရာတွင် ရွာသစ်ကျေးရွာသည် အိမ်ခြေ ၂၁၀၊ အိမ်ထောင်စု ၂၂၄စု၊ လူဦးရေ ၁၁၆၁ဦးတို့ရှိသည့် ကျေးရွာဖြစ်ကြောင်း၊ ယခု ဖွင့်လှစ်သည့် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အင်ဂျင်မှာ မြင်းကောင်ရေ ၂၈ကောင်အားရှိပြီး 15KVA ဒီဇယ်အင်ဂျင်ကို ဓာတ်ငွေ့အင်ဂျင်အဖြစ် ပြုပြင်ထားပါကြောင်း၊ ညစဉ် ၆နာရီ လျှပ်စစ်ဓာတ်အားပေးနိုင်ပြီး နှစ်ပေမီးချောင်း ၂၀၃ချောင်း၊ ဗီဒီယိုရုံသုံးရုံနှင့် ရုပ်မြင်သံကြားစက်အလုံး ၂၀တို့ကိုလျှပ်စစ်ဓာတ်အားပေးနေပါကြောင်း၊ ကျေးရွာသူ ကျေးရွာသားများ၏ အနှစ်နှစ် အလလက မျှော်မှန်းချက်များသည် ယခုအခါ ပြည့်ဝပြီဖြစ်ပြီး တစ်ရွာလုံး မီးထိန်ထိန်လင်းနေပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရွာသစ်ကျေးရွာမှ ဦးပေါက်စနှင့် ဦးကျော်သောင်းတို့က ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးတို့အပြင် စီးပွားရေးလုပ်ငန်းများကိုပါ အေးချမ်းတည်ငြိမ်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ပြောကြားကြသည်။

ထို့နောက် ရွာသစ်ကျေးရွာ အမှတ် (၃၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက ယခုကဲ့သို့ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို တွေ့မြင်ရ၍ ဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်း၊ အခြားသော ကျေးလက်ဒေသများ၌လည်း လျှပ်စစ်မီးများ ရရှိရေးအတွက် ယခုကဲ့သို့ ဇီဝဓာတ်ငွေ့သုံး စက်ရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ကျေးရွာပြည်သူများကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျေးရွာပြည်သူများ၏ ပီတိစကားများကို ကြားရ၍ ထပ်တူ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ နိုင်ငံတော်ကလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျေးရွာပြည်သူများကလည်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ မြွေဆိပ်ဖြေဆေးများ ပေးအပ်လှူဒါန်းစဉ်။ (စက်မှု-၁)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Duan Zhiquan **က ဆင်ရွာကြီးကျေးရွာရှိ တွဲဖက် အခြေခံပညာ အထက်တန်းကျောင်းအတွက် ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းစဉ်။** (စက်မှု-၁)

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာ ဘက်စုံကျန်းမာရေး သင်တန်းကျောင်းဆောင်၌ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များက စကားဝိုင်းများဖွဲ့၍ ပညာပေး ဟောပြောပွဲပြုလုပ်စဉ်။ (စက်မှု-၁)

အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရွာသစ်ကျေးရွာ အမှတ်(၃၄)အခြေခံပညာ မူလတန်းကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာများကိုလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကျောင်းသုံး စာရေးကိရိယာများကိုလည်းကောင်း၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Duan Zhiquan က အမှတ်(၃၄)အခြေခံပညာမူလတန်းကျောင်းပြုပြင်ရန်အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက လက်ခံသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက အမှတ်(၃၄)အခြေခံပညာ မူလတန်းကျောင်းဆောင် ပြုပြင်ရန် ဘိလပ်မြေအိတ် ၅၀ကို ကျောင်းအကျိုးတော်ဆောင် ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျေးရွာဖွံ့ဖြိုးရေးအတွက် စေတနာရှင်အလှူရှင်များဖြစ်ကြသော အေသုံးလုံးဘိလပ်မြေစက်ရုံမှ ဦးရွှင်ချောက်၊ မြန်မာ့ဆင်ဘိလပ်မြေစက်ရုံမှ ဦးအောင်ဝင်းခိုင်နှင့် ချန်ဟိန်းဆောက်လုပ်ရေးမှ ဦးကျော်သိန်းတို့က အလှူငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က လက်ခံသည်။

ဆက်လက်၍ ကျော်သာကုမ္ပဏီ မှ ဦးဝင်းလွင်၊ မားသားထရေးဒင်းကုမ္ပဏီမှဦးအောင်မြတ်နှင့် လွယ်ဟိန်းကုမ္ပဏီမှ ဦးမြဝင်းတို့က ကျေးရွာဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျော်သောင်းတို့က လက်ခံကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း သစ်ပင်ရိပ်၌ ဆင်ရွာကြီးကျေးရွာ ငြိမ်းချမ်းသာစံ ကျေးရွာနှင့် နတ်စိမ်းကျေးရွာတို့မှ ကျေးလက်ပြည်သူ ၁၅၀၀ကျော်တို့နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ကျေးလက်ပြည်သူများကိုယ်စား ဆင်ရွာကြီးကျေးရွာမှ ဦးဝင်းညွန့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ဆင်ရွာကြီးကျေးရွာမှ ဦးထွန်းထွန်းက ကျေးလက်ဒေသများ၌ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ တင်ပြသည်။

ထို့နောက် ဆင်ရွာကြီးကျေးရွာသူ ဒေါ်ဌေးဌေးက ကျေးရွာ၌ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ခြင်းနှင့်ပတ်သက်၍ တင်ပြသည်။

ဆက်လက်၍ ဆင်ရွာကြီးကျေးရွာနေ ဦးစန်းမြင့်က ကျေးရွာနေပြည်သူများ၏လူမှုရေးတိုးတက်မှုနှင့်စပ်လျဉ်း၍ တင်ပြသည်။

ဝမ်းသာပီတိ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ကျေးရွာသူ ကျေးရွာသားများ၏ရင်တွင်းဖြစ် ပီတိစကားများကို ကြားခဲ့ရ၍ ဝမ်းသာပီတိဖြစ်ရကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးမှုများကိုတွေ့ရှိရသဖြင့်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ ကျေးလက်ပြည်သူများကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ ပေါင်းစပ်ဆောင်ရွက်ကြပြီး အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းပါကြောင်းစသည်ဖြင့် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ကွန်ပျူတာတစ်လုံး၊ ကက်ဆက်လေးလုံးနှင့် နားကြပ်အစုံ ၄၀တို့ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့မ အခြေခံပညာ အထက်တန်းကျောင်းသို့ ကွန်ပျူတာတစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ရုပ်မြင်သံကြားစက်တစ်လုံး၊ ဗလာစာအုပ် ၂၀၀၀၊ ဘောလ်ပင်အချောင်း ၁၀၀၀တို့ကို လည်းကောင်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်သို့ စာအုပ်မျိုးစုံ ၁၅၀၀နှင့် ဗလာစာအုပ်များ၊ ဘောလ်ပင်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ထို့နောက် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကောင်စစ်ဝန်ချုပ်က ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအတွက် ငွေကျပ်ငါးသောင်းကို လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ကွန်ပျူတာတစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ စေတနာရှင်များဖြစ်ကြသော KT ဆောက်လုပ်ရေးမှ ဦးကျော်သက်လှိုင်၊ UD ကားထုတ်လုပ်ရေးမှ ဦးခင်မောင်ဝင်းနှင့် ဦးဖရန်ကီး၊ ဦးအောင်နိုင်ဦး၊ ဦးအောင်မိုး၊ ဦးသန်းဦး၊ ဦးထွန်းအောင်၊ ဦးတင်မောင်ကြည်၊ ဦးကျော်သက်လှိုင်နှင့် ဦးခင်မောင်အေးတို့က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းနှင့် ကျောင်းအကျိုးတော်ဆောင်တို့က လက်ခံကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ဆင်ရွာကြီးကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၏ သင်ထောက်ကူပစ္စည်းများဖြင့် ပညာသင်ကြားနေမှုကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ဆင်ရွာကြီးကျေးရွာ ဘက်စုံကျန်းမာရေးသင်တန်းကျောင်း၌ အထူးကုဆရာဝန်ကြီးများက ဝေဒနာရှင်များအားဆေးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကြသည်။

အထူးကုဆရာဝန်ကြီးများဆေးကုသရာသို့ ဆင်ရွာကြီး၊ မှန်ပင်၊ ဆင်ပွတ်ကြီး၊ ရွာသစ်၊ ငြိမ်းချမ်း၊ ညောင်ပင်သာနှင့် ကန်သာစသော အနီးပတ်ဝန်းကျင်ကျေးရွာ ၂၀ခန့်တို့မှ ဝေဒနာရှင် ၁၀၀၀ခန့်လာရောက်ကုသခဲ့ကြသည်။

အဆိုပါ ဆေးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးရင်း တိုင်းမှူးနှင့်ဇနီးတို့က မျက်စိဝေဒနာရှင်များအတွက် မျက်မှန်အလက် ၁၀၀နှင့် အထွေထွေရောဂါဝေဒနာရှင်များအတွက် ဆေးဝါးများကို ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင်ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းကလည်း ဆင်ရွာကြီးကျေးရွာ ကျေးလက် ကျန်းမာရေးဌာနသို့ မွေ့ဆိပ်ဖြေဆေး ၁၀လုံးကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ဘက်စုံကျန်းမာရေးသင်တန်း ကျောင်းဆောင်၌ တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ပြုလုပ်လျက်ရှိသည့် ပညာပေးဟောပြောပွဲ စကားဝိုင်းသို့ လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါဟောပြောပွဲတွင် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း၊ တွဲဖက်အတွင်းရေးမှူးဒေါ်ခင်မေသစ်နှင့် ဒေါ်အောင်အောင်ငွေတို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်စန်းစန်းအေး၊ ဒေါ်သီတာရှိန်၊ ဒေါ်ခင်ဘုန်းဝင်းတို့နှင့် အဖွဲ့က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးတို့ကို အသိပညာပေး ဟောပြောကြသည်။

အခမ်းအနားတွင် လူမှုရေးနှင့်ယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြသန်း ခေါင်းဆောင်သောအဖွဲ့က ချမ်းမြသာစည်မြို့နယ်အတွင်း စက်တင်ဘာ ၁၈ရက်မှ ၂၂ရက်အထိ ရပ်ကွက်၊ ကျေးရွာ ၁၀ရွာ၌ လည်းကောင်း၊ ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်ခင်အေးမြင့် ခေါင်းဆောင်သောအဖွဲ့က အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်၊ကျေးရွာခြောက်ရွာတို့၌ လည်းကောင်း၊ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ရီရီသော် ခေါင်းဆောင်သည့်အဖွဲ့က ချမ်းအေးသာစံမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာခြောက်ရွာတို့၌ လည်းကောင်း ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းဖွဲ့ ဆွေးနွေးပွဲများတွင် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ၊ ကျန်းမာရေးအသိပညာများအကြောင်း၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းများကို ဟောပြောခြင်း၊ သက်ကြီး၊ သက်ငယ်အင်အားတိုးစေရန်စည်းရုံးခြင်း၊ ချို့တဲ့ကလေးများအား ပညာသင် ထောက်ပံ့ပေးခြင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများပေးအပ်ခြင်း၊သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးထောက်ပံ့ခြင်းနှင့် ပူဇော်ကန်တော့ခြင်း၊ စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ လှူဒါန်းခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား စောင့်ရှောက်မှုပေးခြင်းနှင့် အဝတ်အစား ထောက်ပံ့ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် စည်းရုံးဟောပြောပြီး ယင်လုံအိမ်သာအတွက် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ဆင်ရွာကြီးကျေးရွာ ဆုတောင်းပြည့်ကျောင်းသို့ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော်ဦးသုရိယနှင့်သံဃာတော်ကိုးပါးတို့အားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အဲယားပုဂံ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး သတင်းစာ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.က အဓိကပံ့ပိုးမည့် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Air Bagan Myanmar Golf Tour 2005-2006) ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ဂေါက်သီးရိုက်အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ၁၀နှစ်ကျော် ကာလပတ်လုံး ကူညီပံ့ပိုးခဲ့သော Rothmans of Pall Mall Myanmar Pte, Ltd အား MPGA နှင့် MGFဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို ပေးအပ်ရာ Exceutive Director, Mr. Lai Wai Chin က လက်ခံသည်။

ရှင်းလင်းပြောကြား

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ယခုနှစ်ပြည်တွင်း ပတ်လည်ပြိုင်ပွဲမှ စတင်၍ Air Bagan Ltd. မှ ပံ့ပိုးကူညီဆောင်ရွက်နေမှု၊ မြန်မာပြည်အနှံ့ကျင်းပရန်ဆောင်ရွက်နေမှု၊ အဖွဲ့ချုပ်အနေဖြင့် မျိုးဆက်သစ်ဂေါက်သီးရိုက်လူငယ် အားကစားသမားများ ပေါ်ထွက်စေရေးအတွက် လူငယ်အားကစားသမားများ၏ သက်တန်းအလိုက် ပြုစုပျိုးထောင်နေမှု၊ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရေးအတွက် ပြည်ပပြိုင်ပွဲများ စေလွှတ်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Air Bagan Ltd. မှ ဥက္ကဋ္ဌ ဦးတေဇက မြန်မာ့ဂေါက်သီး အားကစားအဆင့်အတန်း မြင့်မားရေး၊ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏အရေးပါမှု၊ မီဒီယာများ၏ပံ့ပိုးပေးမှုနှင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံ၏ ပကတိဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှု အခြေအနေများကို ကမ္ဘာက သိရှိစေရန် ရည်ရွယ်ကျင်းပမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယခုနှစ် Air Bagan Myanmar Golf Tour 2005- 2006 ဂေါက်သီးရိုက်ပြိုင်ပွဲများကို မြစ်ကြီးနား၊ မန္တလေး၊ တောင်ကြီး၊ ပုဂံ၊ တာချီလိတ်နှင့် ကော့သောင်းမြို့တို့၌ ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးငွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

Air Bagan Myanmar Golf Tour 2005-2006 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၁၂၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၇၀၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀၀နှင့် အနည်းဆုံး ဆုကြေးအဖြစ် အမှတ်စဉ် ၂၅ရရှိသူအား ဆုငွေကျပ် ၇၀၀၀၀ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးရိုက် အားကစားတိုးတက်မြင့်မားလာစေရေးနှင့် မြန်မာ့ ဂေါက်သီးရိုက် အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် Co-Sponsors များဖြစ်ကြသော Tiger Beer၊ Myanmar Treasure Resorts၊ Aureum Palace Hotel, Resort၊ Srixon၊ London တို့ကလည်း ကူညီပံပိုးကြပြီး ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.က အဓိကပံ့ပိုးမည့် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(Air Bagan Myanmar Golf Tour 2005-2006) ကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။

(ကြေးမုံ)

စကားဝိုင်းဖွဲ့ ဆွေးနွေး

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေး ပညာပေး ဟောပြောခြင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာများကို စကားဝိုင်းဖွဲ့ ဆွေးနွေးခြင်းတို့ကို အဖွဲ့များခွဲ၍ ကျင်းပကြ။

အဆိုပါစကားဝိုင်းဖွဲ့ ဆွေးနွေးပွဲများတွင် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ၊ ကျန်းမာရေး အသိပညာများအကြောင်း၊ လူမှောင်ခို ကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းများကို ဟောပြော။

စကားဝိုင်းဖွဲ့ဆွေးနွေး

အလားတူ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေး ပညာပေး ဟောပြောခြင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာများကို စကားဝိုင်းဖွဲ့ ဆွေးနွေးခြင်းတို့ကို စက်တင်ဘာ ၁၈ရက်မှ ၂၃ရက်အထိ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့၌ အဖွဲ့များခွဲ၍ ကျင်းပကြသည်။

ပုဗ္ဗန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၅ရက်က မြို့နယ်အသင်းရုံး၌ ပြုလုပ်ရာ မြို့နယ်အသင်းရန်ပုံငွေအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ်သုံးသောင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းက မြို့နယ်အသင်း အတွင်းရေးမှူး ဦးဆန်နီသို့ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

ကျေးလက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးကုသခြင်းများ ဆောင်ရွက်ခဲ့

❒ **ကျောဖုံးမှ**

ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်အသင်းအလုပ်အမှုဆောင်နှင့်မြို့နယ်များမှအသင်းဝင် ကိုယ်စားလှယ်များက ကဏ္ဍကြီး (၅)ရပ်ကို အကြံပြုဆွေးနွေးတင်ပြသည်။ယင်းနောက် ခရိုင်အသင်း အတွင်းရေးမှူး ဦးအေးကြိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးက ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းတစ်ရပ်ချမှတ်ကာ အစည်းအဝေး ဒုတိယပိုင်းကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက်တွင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျေးရွာမူလတန်းကျောင်းတို့၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် နယ်လှည့်ဆေးကုသခြင်းနှင့် ပညာရေးထောက်ပံ့ခြင်း အခမ်းအနားကို ကြည့်ရှုအားပေးသည်။ နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် ဖျာပုံခရိုင် ဆရာဝန်ကြီး ဒေါက်တာထွန်းနေအောင်နှင့် ကျန်းမာရေး ဝန်ထမ်းငါးဦး၊ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နွဲ့နှင့် တိုင်းရင်းဆေးဆရာသုံးဦးတို့ ပါဝင်ပြီး ကျေးလက်နေပြည်သူများနှင့် ကျောင်းသား/ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးကုသခြင်းများ ဆောင်ရွက်ခဲ့ရာ လူနာ ၁၅၆ ဦးကို ဆေးဝါးကုသပေးခဲ့သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သလိပ်ကြီးကျေးရွာမူလတန်းကျောင်း၌ ကျင်းပသော လူမှုရေးအသင်းအဖွဲ့များမှ ပညာရေးထောက်ပံ့ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံ

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ညနေပိုင်းတွင် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ ခရိုင်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ စည်းရုံးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူမှုရေးအသင်းအဖွဲ့များ ပေါင်းစည်းမှုစွမ်းအားဖြင့် ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ စီမံကိန်းကြီး(၃)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ပါဝင်၍ တက်တက်ကြွကြွ အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ မူလတန်းကျောင်းတွင် လူမှုရေးအသင်းအဖွဲ့များက ပညာရေးထောက်ပံ့ခြင်း အနေဖြင့် သလိပ်ကြီးကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ဗလာစာအုပ်နှင့် ခဲတံများ ထောက်ပံ့ပေးအပ်စဉ်။ (နယ်စပ်/စည်ပင်)

ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး နယ်လှည့်ဆေးကုခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

မဟာသရဏဂုံတော်ကြီး စာမေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ) သီတင်းသုံးရာ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ အောက်တိုဘာ ၂၉၊ ၃၀၊ ၃၁ရက်တို့တွင် လယ်တီမဟာသရဏဂုံတော်ကြီး စာမေးပွဲ ကျင်းပမည်ဖြစ်သည်။

ဖြေဆိုလိုသူများအနေဖြင့် မဟာသိမ်တော်ကြီးကျောင်းတိုက်၌ အောက်တိုဘာ ၈၊ ၉၊ ၁၅၊ ၁၆ရက်(စနေ)နှင့်(တနင်္ဂနွေ)နေ့များတွင် မွန်းလွဲ ၁နာရီမှစ၍ သင်တန်းတက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

စီးပွားရေးတက္ကသိုလ် (၁၉၆၆-၁၉၇၀) စာသင်နှစ်ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲမှ ၁၂နာရီထိ Western Park Restaurant I (သခင်မြပန်းခြံ) အလုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဦးကျော်ညွန့် ဖုန်း-၂၀၃၂၁၂၊ ၂၉၄၉၁၈၊ ဦးစိန်ဝင်း ဖုန်း-၇၂၁၅၇၀၊ ၀၉ ၅၀၀ ၇၅၀၁၊ ဦးတင်လတ် ဖုန်း-၅၇၇၄၄၆၊ ၇၂၁၅၉၈၊ ဒေါ်ညိုမီကြည် ဖုန်း-၅၈၀၂၅၈၊ ၀၉ ၅၀၀ ၃၀၉၂ တို့ထံသို့ ဆက်သွယ်နိုင်သည်။ (က-ပ)





အမှာစကား ပြောကြား

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဒုတိယအကြိမ် မိဘဆရာအသင်း အစည်းအဝေးကို စက်တင်ဘာ ၂၆ရက်က မြည်ီလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

အိန္ဒုတိုက်နယ် ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများအား HIV/AIDS ရောဂါတားဆီးကာကွယ်ရေး ဆွေးနွေးဟောပြော

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့က ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းသောငွေကျပ် ၁၀သိန်းကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှူထံ ပေးအပ်စဉ်။ (သတင်းစဉ်)

❖ ကရင်ပြည်နယ်မှ

ပြုလုပ်ရေး၊ သံဓာတ်ဆေးပြားများ ပုံမှန်သောက်သုံးရေး၊ အိုင်အိုဒင်းပါဝင်မှုများသော ဆားများ စားသုံးရေးနှင့် ဆေးရုံဆေးခန်းများ၌ သားဖွားခြင်း ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားထုပ်များကို ဝေငှပေးသည်။

ထို့နောက် အိန္ဒုကျေးရွာပြည်သူများ စားသုံးလျက်ရှိသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ၊ မရှိ၊ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက တစ်အိမ်တက်ဆင်း လှည့်လည် စစ်ဆေးနေမှုကိုကြည့်ရှုကာ အိုင်အိုဒင်း ပါဝင်မှုရှိသော ဆားများကိုစားသုံးရန်နှင့် ဆားဘူး၊ ဆားအိုးများကို စနစ်တကျ ဖုံးအုပ်ထားရှိရန် မှာကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်တို့ဦးဆောင်၍ ဘားအံမြို့နယ် အိန္ဒုကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် တိုင်းရင်းသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်တို့ဦးဆောင်၍ ဘားအံမြို့နယ် အိန္ဒုကျေးရွာရှိ နေအိမ်များ၌ စားသုံးလျက်ရှိသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ၊ မရှိကို တစ်အိမ်တက်ဆင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ အိန္ဒုကျေးရွာဈေးသို့ရောက်ရှိပြီး ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသော ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ၊ မရှိ စစ်ဆေးကာ အလွယ်တကူ စစ်ဆေးနိုင်ရေးအတွက် Iodine Test Kit ဆေးရည်များကို ကျန်းမာရေးဌာနများမှ ရယူစမ်းသပ်ရောင်းချသွားရန်နှင့် အိုင်အိုဒင်းပါဝင်သော ဆားများ စားသုံးခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် အိန္ဒုကျေးရွာ ရန်ကင်းကျောင်းဓမ္မာရုံ၌ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အစီအစဉ်ဖြင့် အိန္ဒုတိုက်နယ်အတွင်းရှိ ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများအား ကာလသားနှင့် ခုခံကျရောဂါ ကာကွယ်နှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာနိုင်နိုင်ထွန်းက HIV/AIDS ရောဂါတားဆီးကာကွယ်ရေး ဆွေးနွေး ဟောပြောသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး ဒေသခံတို့၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ပညာရတနာခန်းမဆောင်၌ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကလှူဒါန်းသည့် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော ဗလာစာအုပ်များကို ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှူက လည်းကောင်း ကျောင်းအုပ် ဆရာကြီး ဦးစိုးတင့်သို့ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှူက ပြည်နယ်၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ပြည်နယ်အတွင်း ရာသက်ပန်အသင်းဝင်ဦးရေ၊ အသင်းဝင်တိုးပွားရေးလုပ်ငန်းများ စည်းရုံးဆောင်ရွက်နေမှုနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဌေးနောင်က ၂၀၀၅ ခုနှစ်တွင် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု နှင့်ဆက်လက်လုပ်ဆောင်မည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပါဝင်ဆောင်ရွက်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်က အသင်းဝင်အင်အားတိုးပွားရေး စည်းရုံးဆောင်ရွက်သွားကြရန်နှင့် ပညာရေး၊ ကျန်းမာရေး စသော လူမှုရေးလုပ်ငန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ပိုမိုတက်ကြွစွာ စည်းရုံးပါဝင်ဆောင်ရွက်သွားကြရန် မှာကြားကာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းသော ငွေကျပ် ၁၀ သိန်း၊ အပ်ချုပ်စက်သုံးလုံးနှင့် စက်ဘီးငါးစီးကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှူသို့ ပေးအပ်သည်။

ယင်းနောက် ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကာ တင်ပြချက်များအပေါ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးက ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်တို့ ဦးဆောင်၍ ဘားအံမြို့နယ် အိန္ဒုကျေးရွာ တိုက်နယ်ဆေးရုံ၌ ကလေးမိခင်များ ကျန်းမာရေးစစ်ဆေးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မွန်ပြည်နယ် ကျိုက္ခမီမြို့ သမိုင်းဝင် ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးကော်မတီက ကြီးမှူး၍ တတိယအကြိမ် ဆီမီးကိုးထောင် ပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းသပိတ်တော် စုပေါင်းဆက်ကပ်ပွဲကို အောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၄ နာရီတွင် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ဆံတော်ရှင်မြတ်ဘုရားကြီး၏ ခြေတော်ရင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်၊ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်ရွှေတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၀၇)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် သီတာ(၂)လမ်းနေ ဦးလေးအောင်(ခ) ဦးအောင်သိန်းငွေ-ဒေါ်တင်တင်စိန်၊ သား၊ သမီး၊ မြေးတစ်စုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေဘုရား စေတီရံတစ်ဆူအတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကွန်ကရစ်ပိုက် ထုတ်လုပ်ရေးစက်ရုံ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက် ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိလာရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ စက်ရုံမှူး လက်ထောက်ဌာနမှူး ဦးခင်မောင်ဖူးနှင့် တာဝန်ရှိအင်ဂျင်နီယာများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှေးဦးစွာမြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ စက်ရုံအတွင်း ကြိုတင်အားဖြည့် ၁၆လက်မ၊ ၂၄လက်မ၊ ၃၆လက်မ ပိုက်များထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ဝဲပုံ)**

ယခုအခါ နိုင်ငံတစ်ဝန်းရှိ ရေပေးဝေရေးလုပ်ငန်းများအတွက် ကွန်ကရစ်ပိုက်များ အထူးလိုအပ်လျက်ရှိရာ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက် ထုတ်လုပ်သည့်မိုကို ပြည်ပမှ မတင်သွင်းတော့ဘဲ မြို့တော်စည်ပင်သာယာ အင်ဂျင်နီယာများက တီထွင်ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (၁၉)



တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

(ခခ)အုပ်စု ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းအားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၁) ခြေမြန်တပ်မ ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိ သွားသည်။ (သတင်းစဉ်)

ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်ကျောင်းသားဟောင်းများက အငြိမ်းစား ရန်ကုန် တက္ကသိုလ်အားကစားအရာရှိနှင့် မန္တလေးဆောင်အငြိမ်းစားအဆောင်မှူး ဆရာဦးငြိမ်း၏ (၈၈)နှစ်မြောက် မွေးနေ့ပွဲနှင့် မန္တလေးဆောင်အငြိမ်းစား အဆောင်မှူးများဖြစ်ကြသော ဒေါက်တာခင်မောင်ဝင်း (ပညာရေးဝန်ကြီး၊ ငြိမ်း)၊ ဒေါက်တာသိန်းအောင် ပါမောက္ခ(ဓာတုဗေဒ)(ငြိမ်း)တို့အား (၁၀)ကြိမ်မြောက် ကန်တော့ပွဲနှင့် ရန်ကုန်တက္ကသိုလ် မျိုးဆက်သစ်ဘူမိဗေဒဘွဲ့ သင်တန်းသားများအား ပညာဒါန အလှူငွေချီးမြှင့်ပွဲကို အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အမှတ် (၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမဆောင်၌ ကျင်းပမည်ဖြစ်၍ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ ဆရာကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးတင်အုန်း ဖုန်း-၅၅၅၆၁၈၊ ဦးဖေသန်း ဖုန်း-၃၇၄၈၀၃၊ ဦးခင်ဆွေ(ရွှေစွန်ညို) ဖုန်း-၂၅၂၄၁၇၊ ဦးစောကြိုင် ဖုန်း-၆၆၅၄၂၅၊ ဦးတင့်ဆွေ ဖုန်း-၂၉၁၂၆၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း ရွှေထီးသက်န်းတိုက် ဦးကျော်စိုး-ဒေါ်ပြုံးပြုံးတို့၏ (၂၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Money and Banking. (ပထမနှစ်-စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားအထူးပြု)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကြော်ငြာချစ်သူ” (အပိုင်း-၂၁)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရေဆန်ဓား” (အပိုင်း-၁၀)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် ဓမ္မစိန္တာလမ်းနေ ဒေါ်မြ မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်ဥမ္မာစိုးနှင့် ဦးရွှေထိုက်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပသည့် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကျေးရွာစည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာများကိုပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး အသင်းအတွက်အလှူငွေများကို ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အသင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အသင်း အတွင်းရေးမှူးကလက်ခံသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသူနှစ်ဦးအား ဆုများချီးမြှင့်သည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ရွှေပြည်သာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်၌ ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတ္တုတွင်း)

ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်သည့် အခြေခံပညာ ကျောင်းသူများအား "လူ့တန်ဖိုး"ခေါင်းစဉ်ဖြင့် ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင်၊ အမျိုးသားစာပေဆုရ စာရေးဆရာမမစန္ဒာက လူ့တန်ဖိုးခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (သတင်းစဉ်)

အသိပညာဗဟုသုတ တိုးပွားရင့်သန်စေရန်ရည်ရွယ် စမ်းချောင်းအထက(၂)တွင် ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်သည့် အခြေခံပညာ ကျောင်းသူများအား "လူ့တန်ဖိုး"ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်နှင့် ဆရာမများ၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာများနှင့်ဟောပြောပွဲအဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပြန်ကြားရေးရာဌာနကြီး အတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက ဟောပြောမည့်စာရေးဆရာမမစန္ဒာနှင့် ဧည့်ပရိသတ်တို့အားမိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာက "လူ့တန်ဖိုး" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လေးမြင့်က ကျေးဇူးတင်စကား ပြောကြားပြီးဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ ပညာသင် ကျောင်းသား၊ ကျောင်းသူလေးများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှုကို အမြတ်တနိုး တန်ဖိုးထားထိန်းသိမ်းရေး၊ အသိပညာ ဗဟုသုတ ပိုမိုတိုးပွားရင့်သန်စေရန် ရည်ရွယ်၍ ဟောပြောပွဲများကို လစဉ်ကျင်းပခဲ့ရာ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့်ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့၌လည်း ဟောပြောပွဲများကို ကျင်းပခဲ့ပြီးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တတ်သိပညာရှင်လုပ်ငန်းအဖွဲ့ဝင်စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းနှင့် စာရေးဆရာမကြီးမစန္ဒာတို့က ဟောပြောခဲ့ကြသည်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် အများအားဖြင့်မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၂၇

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ တောင်တရုတ်ပင်လယ် တုံကင်ပင်လယ်ကွေ့ရှိ အပူပိုင်းမုန်တိုင်း "ဒမ်ရေး"သည် ယနေ့နံနက်မြန်မာစံတော်ချိန် ဝ၆း၃ဝနာရီအချိန်တွင် ဗီယက်နမ်နိုင်ငံကမ်းခြေဟန္တိုင်းမြို့၏ တောင်ဘက် မိုင်၆ဝအကွာမှဖြတ်ကျော်ကာ အားပျော့ပြီးအနောက်ဘက်သို့ ရွေ့လျားလျက်ရှိပါသည်။

စက်တင်ဘာ ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာတစ်ပြည်လုံးတွင် အများအားဖြင့်မိုးပိုလာမည်။

ကမ္ဘာ့ လူငယ်ဘောလုံးပြိုင်ပွဲကျင်းပ တူရကီနှင့် မက္ကဆီကိုတို့ အနိုင်ရရှိ

လီမာ စက်တင်ဘာ ၂၇

အသက်(၁၇)နှစ်အောက် ကမ္ဘာ့လူငယ် ဘောလုံးတံခွန်စိုက်ဖလား၏ ကွာတားဖိုင်နယ်ပွဲများကို တနင်္ဂနွေနေ့က ပီရူးနိုင်ငံရှိ မြို့ကြီးများတွင်ကျင်းပသည်။ ပီရူးနိုင်ငံ မြို့တော်လီမာတွင်ကျင်းပသည့် ကွာတားဖိုင်နယ်ပွဲတွင် တရုတ်နှင့် တူရကီနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ တူရကီအသင်းက တရုတ်အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသည်။

တူရကီအသင်းသည် ပထမပိုင်းတွင်ခြေအသာဖြင့် ကစားကွက် ကောင်းမွန်ခဲ့သည်။

အဖွင့်ဂိုး

ပွဲချိန် ၁၀မိနစ်မှာပင် တူရကီအသင်းက အဖွင့်ဂိုးရရှိခဲ့သည်။ ညာတောင်ပံမှ တူရကီဘောလုံးသမား နူရီဆာဟင်းပို့ပေးလိုက်သည့်ဘောလုံးကို တီဝလစ်ကိုစ်က သွင်းယူခဲ့သည်။

အသင်းလိုက်ကစားပုံ သွက်လက်သော တူရကီအသင်းသည် ပွဲချိန်၃၃မိနစ်တွင် ဒုတိယမြောက်ဂိုးသွင်းနိုင်ခဲ့သည်။ ဆာဟင်းက ထောင့်ကန်ဘောကန်လိုက်သည့် ဘောလုံးကို ဒီနစ်ယီလ်မက်ကဂိုးရှေ့သို့ လျှပ်တစ်ပြက်ကန်တင်ပေးခဲ့ပြီး ကန်နာအာကင်က ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းစတင်ပြီးနောက် ကိုးမိနစ်အကြာတွင် တူရကီလူငယ်အသင်းမှ အာကင်ကပင် တတိယမြောက်ဂိုးကိုသွင်းယူခဲ့သည်။

ချေပဂိုး

သုံးဂိုး-ဂိုးမရှိဖြင့် တူရကီလူငယ်အသင်းက ဦးဆောင်နေခဲ့ပြီးနောက် တရုတ်လူငယ်အသင်းက ချေပဂိုးတစ်ဂိုးကို သွင်းယူခဲ့သည်။ တရုတ်လူငယ်အသင်းသည် ချေပဂိုးများ ထပ်မံသွင်းယူရန် အခွင့်အလမ်း အလွန့်အလွန်နည်းပါးခဲ့သည်။ ယင်းနောက်တွင် တူရကီအသင်းက ပွဲပြီးခါနီး၌ နှစ်ဂိုးဆက်တိုက် ထပ်မံသွင်းယူခဲ့သည်။

အနိုင်ရရှိ

တနင်္ဂနွေနေ့က ပီရူးနိုင်ငံ ပီယူရာမြို့တွင်ကျင်းပသော အခြားကွာတားဖိုင်နယ်ပွဲ၌ မက္ကဆီကိုအသင်းက ကော်စတာရီကာအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ (အမ်အင်အေ၊ရိုက်တာ)။

အသက်(၁၇)နှစ်အောက် ကမ္ဘာ့လူငယ်ဘောလုံးတံခွန်စိုက်ဖလား၏ ကွာတားဖိုင်နယ်ပွဲတွင် တရုတ်လူငယ်အသင်းကိုအနိုင်ရရှိသော တူရကီလူငယ်ဘောလုံးအသင်းကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လူမှုရေးအသင်းအဖွဲ့များ ပေါင်းစည်းမှုစွမ်းအားဖြင့် ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်းဆောင်ရွက် နိုင်ငံတော်၏ စီမံကိန်းကြီး(၃)ရပ်အောင်မြင်ရေး ကျေးရာကဏ္ဍက တက်တက်ကြွကြွပါဝင်ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့ နံနက် ၈ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသော ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်သည်။

ရှေးဦးစွာ အသင်းဝင် ကျောင်းသား၊ကျောင်းသူလေးများက **“ပြည်မြန်မာ”** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသူသုံးဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ တိုင်းအသင်းအတွင်းရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် **“ပြည်မြန်မာ”** နှင့် **“ရာသက်ပန် ပြည်ထောင်စု”** သီချင်းများကို ဂုဏ်ပြုသီဆိုကြသော ကျောင်းသား၊ ကျောင်းသူလေးများအတွက် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများက ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စေတနာရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၀ သိန်းကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် အသင်းဝင် ကျောင်းသား၊ ကျောင်းသူလေးများက **“ ရာသက်ပန် ပြည်ထောင်စု”** သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အစည်းအဝေးပထမပိုင်းအစီအစဉ်များ ကျင်းပပြီးစီးသည်။

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅) ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တိုင်းအသင်းအတွင်းရေးမှူး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်းဆောင်ရွက်သည့် ပညာရေးထောက်ပံ့ခြင်း အခမ်းအနားကို ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြားစဉ်။

(နယ်စပ်/စည်ပင်)

ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုတိုက်နယ်အတွင်းရှိ ကျေးရွာများမှ မိခင်နှင့်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားထုပ်များဝေငှ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်၊ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာလူနှင့် တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုကျေးရွာသို့ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး အိန္ဒုကျေးရွာ တိုက်နယ်ဆေးရုံ၌ အိန္ဒုကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အိန္ဒုတိုက်နယ်အတွင်းရှိ အိန္ဒု၊ နောင်လုံ၊ လွန်းည၊ ကော့ကဒါကျေးရွာများမှ သုံးနှစ်အောက် ကလေးငယ်များအား အာဟာရဖွံ့ဖြိုးမှု စောင့်ကြပ်သည့်လုပ်ငန်း ပုံမှန်ကိုယ်အလေးချိန်ခြင်း ဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးကာ အာဟာရချို့တဲ့မှုမရှိစေရေးအတွက် အစာအုပ်စု သုံးစုမျှတစွာကျွေးရေး၊ ကာကွယ်ဆေး ပုံမှန်ထိုးရေးတို့ကို **စနစ်တကျဆောင်ရွက်ရန် မိခင်များအား မှာကြားကာ ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**

ဆက်လက်၍ အိန္ဒုတိုက်နယ်ဆရာဝန် ဒေါက်တာစုစုစိုးက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စစ်ဆေးနေမှုများကို ကြည့်ရှုအားပေးကာ ပုံမှန်ကျန်းမာရေး စစ်ဆေးမှု **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်နှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်တို့ ဦးဆောင်၍ ဘားအံမြို့နယ် အိန္ဒုကျေးရွာ တိုက်နယ်ဆေးရုံ၌ အာဟာရချို့တဲ့မှုမရှိစေရေး အတွက် အစာအုပ်စုသုံးစု မျှတစွာကျွေးရေး၊ကာကွယ်ဆေး ပုံမှန်ထိုးရေးတို့ကို စနစ်တကျ ဆောင်ရွက်ရန် မိခင်များအား မှာကြားပြီး ကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

မိုးလေဝသအထူးသတင်း ထုတ်ပြန်ချက်

ရန်ကုန် စက်တင်ဘာ ၂၇

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲအချိန် မိုးလေဝသဂြိုဟ်တု ဓာတ်ပုံများအရ “ဒမ်ရေး” အမည်ရှိ အပူပိုင်းမုန်တိုင်းငယ် သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ မြောက်/အရှေ့မြောက်ဘက် မိုင် ၃၉၀ ခန့်အကွာကို ဗဟိုပြုနေသည်။

ယင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ရွေ့လျားကာ မြန်မာနိုင်ငံပေါ်သို့ နောက်နာရီအနည်းငယ်အတွင်း ဖြတ်ကျော်နိုင်သည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း မြန်မာနိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်း အချို့ဒေသများတွင် မိုးသက်လေပြင်းများကျရောက်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)